# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

## အင်ဒိုနီးရှားသမ္မတနိုင်ငံ၏
## ဖွဲ့စည်းပုံအခြေခံဥပဒေအကြောင်း လေ့လာတင်ပြခြင်း


စာတမ်းပြုစုသူ - ဦးအောင်ကျော်ဇင်

လက်ထောက်ညွှန်ကြားရေးမှူး

သုတေသနနှင့်လေ့ကျင့်ဌာနခွဲ



၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်

# အင်ဒိုနီးရှားနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအကြောင်း လေ့လာတင်ပြခြင်း

နိဒါန်း


၁။ အင်ဒိုနီးရှားသမ္မတနိုင်ငံ၏ နောက်ခံသမိုင်းကြောင်း

၂။ လွတ်လပ်ရေးကြိုးပမ်းမှုနှင့် ၁၉၄၅ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲအတည်ပြုခြင်း

၃။ ၁၉၄၅ ခုနှစ်မှ ၁၉၅၀ ခုနှစ်အတွင်း ပြဋ္ဌာန်းခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေနှစ်ရပ်

၄။ ၁၉၄၅ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေ ပြန်လည်အတည်ဖြစ်ခဲ့ခြင်း

၅။ ၁၉၄၅ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေအား ပြန်လည်ပြင်ဆင်ခြင်း

၆။ ဥပဒေပြုရေး

၇။ အုပ်ချုပ်ရေး

၈။ တရားစီရင်ရေး

(က) တရားလွှတ်တော်ချုပ် (Supreme Court – Mahkamah Agung)

(ခ) တရားစီရင်ရေးဆိုင်ရာကော်မရှင် (Judicial Commission – Komisi Yudisial)

(ဂ) ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး (Constitutional Court – Mahkamah Konstitusi)

၉။ ၁၉၄၅ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေအရ အပြန်အလှန်ထိန်းကျောင်းခြင်းယန္တရား (Checks and Balances) အပေါ်လေ့လာတွေ့ရှိချက်

၁၀။ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းပြဋ္ဌာန်းချက်


နိဂုံး

## နိဒါန်း

အင်ဒိုနီးရှားသမ္မတနိုင်ငံသည် အရှေ့တောင်အာရှဒေသအတွင်း တည်ရှိပြီး အချို့ နယ်မြေများမှာ အိန္ဒိယသမုဒ္ဒရာနှင့် ပစိဖိတ်သမုဒ္ဒရာအကြားတွင် တည်ရှိပါသည်။ ကျွန်းပေါင်း (၁၃၀၀၀) ကျော်ရှိသဖြင့် ကမ္ဘာပေါ်တွင် အကြီးဆုံးကျွန်းနိုင်ငံဖြစ်ပါသည်။ နိုင်ငံ၏ ဧရိယာအကျယ်အဝန်းမှာ စတုရန်းကီလိုမီတာ ၁၉၀၄၅၆၉ မျှရှိသဖြင့် ကုန်းမြေဧရိယာအားဖြင့် ကမ္ဘာပေါ်တွင် သတ္တမမြောက်အကြီးဆုံးနိုင်ငံ ဖြစ်ပါသည်။ လူဦးရေ (၂၆၁) သန်းမျှရှိသဖြင့် ကမ္ဘာပေါ်တွင် စတုတ္ထမြောက် လူဦးရေအများဆုံးနိုင်ငံဖြစ်ပါသည်။ နိုင်ငံလူဦးရေ၏ ၈၇.၁၈ ရာခိုင်နှုန်းသည် မွတ်စလင်ဘာသာဝင်များဖြစ်ကြသည်။ အော်စထရီနီးရှန်းခေါ် အိန္ဒိယသမုဒ္ဒရာကိုကျော်ဖြတ်၍ ပစိဖိတ်သမုဒ္ဒရာအတွင်း ရွှေ့ပြောင်းနေထိုင်ကြသောလူမျိုးစု အများဆုံးနေထိုင်ကြပြီး မွတ်စလင်ဘာသာဝင်အများစုရှိသော နိုင်ငံများတွင် လူဦးရေအများဆုံးနိုင်ငံဖြစ်ပါသည်။ ကျန်ဘာသာဝင်များမှာ ခရစ်ယာန်၊ ဟိန္ဒူနှင့် ဗုဒ္ဓဘာသာတို့ဖြစ်ကြသည်။ ဂျာဗားကျွန်းတွင် လူဦးရေအများဆုံးရှိပြီး နိုင်ငံ၏ လူဦးရေ ထက်ဝက်ကျော် နေထိုင်ကြပါသည်။




### အင်ဒိုနီးရှားသမ္မတနိုင်ငံ၏မြေပုံ

အင်ဒိုနီးရှားသမ္မတနိုင်ငံတွင် ပြည်နယ် (၃၄) ခုရှိပြီး (၅) ခုမှာ အထူးအုပ်ချုပ်ရေးအဆင့်ရှိပါသည်။ မြို့တော်မှာ ဂျကာတာမြို့ဖြစ်ပြီး ကမ္ဘာပေါ်တွင် ဒုတိယမြောက်လူဦးရေ အများဆုံးမြို့ပြဒေသဖြစ်ပါသည်။ အင်ဒိုနီးရှားသမ္မတနိုင်ငံသည် ပါပူအာနယူးဂီနီနိုင်ငံ၊ အရှေ့တီမောနိုင်ငံနှင့်

မလေးရှားနိုင်ငံအရှေ့ပိုင်းတို့နှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိပါသည်။ အခြားသော အိမ်နီးချင်းနိုင်ငံများမှာ စင်္ကာပူနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံနှင့် ဩစတြေးလျနိုင်ငံတို့ဖြစ်ကြပါသည်။

အင်ဒိုနီးရှားသမ္မတနိုင်ငံသည် နိုင်ငံတကာအဖွဲ့အစည်းများ၏အသင်းဝင်ဖြစ်ပြီး ကုလသမဂ္ဂ၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၊ အာဆီယံအဖွဲ့နှင့် ဂျီ၂၀အဖွဲ့တို့တွင် ပါဝင်သည်။ ထို့ပြင် ဘက်မလိုက်နိုင်ငံများ လှုပ်ရှားမှုအဖွဲ့၊ အရှေ့တောင်အာရှနိုင်ငံများအသင်း၊ အာရှ-ပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့၊ အရှေ့အာရှ ထိပ်သီးနိုင်ငံများအဖွဲ့၊ အာရှ အခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုဘဏ်နှင့် အစ္စလမ် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့တို့တွင် စတင်တည်ထောင်သောနိုင်ငံတစ်ခု အဖြစ်ပါဝင်ခဲ့သည်။

## ၁။ အင်ဒိုနီးရှားသမ္မတနိုင်ငံ၏ နောက်ခံသမိုင်းကြောင်း

အင်ဒိုနီးရှားသမ္မတနိုင်ငံတွင် ရာပေါင်းများစွာကွဲပြားသော ဒေသခံတိုင်းရင်းသားလူမျိုးများနှင့် ဘာသာစကားများရှိပြီး အင်အားအကြီးမားဆုံးနှင့် နိုင်ငံရေးအရလွှမ်းမိုးမှုရှိသူများမှာ ဂျာဗားလူမျိုးများဖြစ်ပါသည်။ အမျိုးသားဘာသာစကား၊ လူမျိုးအများအပြားကွဲပြားမှု၊ မွတ်စလင်ဘာသာဝင် အများစုရှိသောနိုင်ငံအတွင်းတွင် ဘာသာပေါင်းစုံကိုးကွယ်နေမှု၊ ကိုလိုနီအပြုခံခဲ့ရခြင်းနှင့် ပုန်ကန်တော်လှန်ခဲ့ရခြင်း စသည့်သမိုင်းကြောင်းများမှတဆင့် နိုင်ငံ၏အမျိုးသားလက္ခဏာတစ်ရပ် ပေါ်ထွန်းလာခဲ့သည်။ အင်ဒိုနီးရှားသမ္မတနိုင်ငံ၏ နိုင်ငံတော်ဆောင်ပုဒ်ဖြစ်သည့် "ညီညွတ်ခြင်းနှင့်မတူကွဲပြားခြင်း (Unity and Diversity)" ဖြစ်ပြီး ယင်းမှာ အင်ဒိုနီးရှားတွင်နေထိုင်ကြသော မတူကွဲပြားသည့် မြောက်များစွာသော ဘာသာစကား၊ ယဉ်ကျေးမှုများရှိသော်လည်း ညီညွတ်စုစည်းစွာဖြင့်နေထိုင်ကြသည်။ တစ်နည်းအားဖြင့်ဆိုလျှင် "All inclusive but for one" အားလုံး စုစည်းပါဝင်နေထိုင်ကြသော နိုင်ငံဖြစ်သည်ဟု ရည်ရွယ်ခြင်းဖြစ်ပါသည်။

အင်ဒိုနီးရှားနိုင်ငံသည် ခရစ်တော်မပေါ်မီနှစ်ပေါင်း (၄) သိန်းခန့်က ပေါ်ပေါက်ခဲ့ပြီး ယခုအာရှတိုက်၏ပင်မနယ်မြေနှင့် ဆက်စပ်တည်ရှိခဲ့ပါသည်။ ယင်းအချိန်ကာလတွင် Homonids လူမျိုးများလည်း ပေါ်ပေါက်လာခဲ့ပြီး Homonids လူမျိုးများနှင့် ဂျာဗားလူမျိုးများသည် ယခုအင်ဒိုနီးရှားနိုင်ငံ ဟုခေါ်တွင်သော ကျွန်းများပေါ်တွင် စတင်အခြေချနေထိုင်ခဲ့ကြပါသည်။ ခရစ်တော်စတင်ပေါ် ပေါက်သည့်ခေတ်တွင် အရှေ့တောင်အိန္ဒိယရှိ Gujarat ပြည်နယ်မှ အိန္ဒိယလူမျိုး ရွှေ့ပြောင်းနေထိုင်သူများသည် အင်ဒိုနီးရှားကျွန်းများသို့ စတင်ရောက်ရှိလာခဲ့ကြသည်။ ထိုအစောပိုင်းကာလများကပင် တောင်အိန္ဒိယနှင့် အင်ဒိုနီးရှားအကြားတွင် ရေကြောင်းကုန်သွယ်မှုပြုလုပ်နိုင်ခဲ့ကြပါသည်။

**အိန္ဒိယလူမျိုးများစတင်ဝင်ရောက်ခဲ့သည့်ကာလ** – အေဒီ (၁) ရာစုမှ (၇) ရာစုအတွင်းတွင် အင်ဒိုနီးရှားသို့ အိန္ဒိယလူမျိုးအခြေချနေထိုင်သူများ အစုအပြုံလိုက် ဝင်ရောက်လာခဲ့ကြပါသည်။

၎င်းတို့ဝင်ရောက်လာမှုနှင့်အတူ ဟိန္ဒူဘာသာရေးသည်လည်း အင်ဒိုနီးရှားကျွန်းစုများတလျှောက် ပြန့်နှံ့လာခဲ့ပါသည်။ ဟိန္ဒူဘာသာသည် အလွှာအသီးသီးရှိ ဂျာဗားလူမျိုးများထံ ပြန့်နှံ့ရောက်ရှိခဲ့သည်။ အေဒီ (၁) ရာစုနှင့် (၂) ရာစုကြားတွင် အင်ဒိုနီးရှားသို့ အိန္ဒိယလူမျိုးဗုဒ္ဓဘာသာဝင်များ စတင်ဝင်ရောက်လာခဲ့ပါသည်။ ၎င်းတို့ကပင် ဒေသခံများအား မဟာယာနနှင့် ထေရဝါဒဗုဒ္ဓဘာသာတို့ကို စတင်သိရှိစေခဲ့ပါသည်။ ၎င်းအယူဝါဒများသည် အေဒီ ၈ ရာစုခန့်တွင် အင်ဒိုနီးရှား၌ ပိုမို ထွန်းကားလာခဲ့ပါသည်။

**ဟိန္ဒူဘာသာနှင့် ဗုဒ္ဓဘာသာဝင်ဘုရင်များအုပ်စိုးခဲ့စဉ်ကာလ** – အေဒီ ၇၅၀ မှ ၈၅၀ အတွင်းတွင် လူမှုယဉ်ကျေးမှု တိုးတက်လာခြင်းနှင့်အတူ ကောင်းစွာဖွဲ့စည်းတည်ထောင်ထားသောထီးနန်းအဆက်ဆက်ကို ဒေသခံတိုင်းရင်းသားလူမျိုးဘုရင်များက အုပ်စိုးခဲ့ကြပါသည်။ ၎င်းတို့သည် ဗုဒ္ဓဘာသာနှင့် ဟိန္ဒူဘာသာဝင်များဖြစ်ကြပါသည်။ ဤကာလအား ဟိန္ဒူဘုရင်များအုပ်စိုးသည့်ကာလဟု ခေါ်တွင်ခဲ့ပါသည်။ ဗုဒ္ဓဘာသာဝင်ဖြစ်သော ဘုရင်များသည် အလယ်ဂျာဗားရှိ (Cailendra) ထီးနန်းကို အစဉ်အဆက်အုပ်စိုးခဲ့ကြပြီး ယင်းကာလများတွင် နာမည်ကျော်ဗုဒ္ဓဘာသာဘုရားရှိခိုးကျောင်းဖြစ်သည့် (Borobudur) အပါအဝင် ဗုဒ္ဓဘာသာ ဘုရားရှိခိုးကျောင်းများစွာကို တည်ဆောက်ခဲ့ကြပါသည်။ နောက်ပိုင်းတွင် အင်ဒိုနီးရှားဂျားဗား၏ ထီးနန်းအား (Majapahit) ဘုရင်က ဆက်လက်အုပ်စိုးခဲ့ပါသည်။ ၎င်းလက်ထက်တွင် အင်ဒိုနီးရှားသည် အလွန်ပင်သြဇာကြီးမားသော အင်ပါယာဖြစ်ခဲ့ပါသည်။

**မွတ်စလင်လူမျိုးများနှင့် အစ္စလမ်ဘာသာ စတင်ဝင်ရောက်ခဲ့သည့်ကာလ** – ၁၃ ရာစုတွင် အိန္ဒိယအနောက်ကမ်းရိုးတန်းရှိ (Gujarat) ပြည်နယ်နှင့် (Persia) နိုင်ငံမှ မွတ်စလင်ကုန်သည်များသည် အင်ဒိုနီးရှားသို့ စတင်ဝင်ရောက်လာခဲ့ပြီး အင်ဒိုနီးရှား၊ အိန္ဒိယနှင့် ပါရှားနိုင်ငံတို့အကြား ကုန်သွယ်မှုပြုလုပ်ခဲ့ကြပါသည်။ ကုန်သွယ်ခြင်းမှတဆင့် ၎င်းတို့ရောက်ရှိသည့် ဂျားဗားကမ်းရိုးတန်းတစ်လျှောက်ရှိ အင်ဒိုနီးရှားလူမျိုးများထံ အစ္စလမ်ဘာသာကို စတင်ပြန့်နှံ့စေခဲ့ပါသည်။ နောက်ပိုင်းတွင် ဂျာဗားရှိ ဟိန္ဒူဘာသာဝင်ဘုရင်များကိုပင် အစ္စလမ် ဘာသာဝင်အဖြစ်သို့ ကူးပြောင်းစေသည်အထိ အစ္စလမ်ဘာသာက လွှမ်းမိုးခဲ့ပါသည်။ Demak ဒေသဘုရင်သည် ပထမဦးဆုံး အစ္စလမ်ဘာသာဝင်သို့ကူးပြောင်းသောဘုရင် ဖြစ်လာခဲ့ပါသည်။ ၎င်းမွတ်စလင်ဘုရင်သည် အစ္စလမ်ဘာသာအား အင်ဒိုနီးရှားတစ်ဝှမ်းသို့ ပြန့်နှံ့စေခဲ့ပါသည်။ ယင်း၏လက်ထက်တွင် (၁၂၉၃ ခုနှစ်မှ ၁၅၂၀ ခုနှစ်အထိ) ဗုဒ္ဓဘာသာထီးနန်းအဖြစ် အရှိန်အဝါ ကြီးမားခဲ့သော (Majapahit) ထီးနန်းမှာ ပျက်သုန်းခဲ့ရပါသည်။

**ပေါ်တူဂီနှင့် စပိန်လူမျိုးများ ဝင်ရောက်ခဲ့သည့်ကာလ** – ၁၅၁၁ ခုနှစ်တွင် ပေါ်တူဂီတို့သည် ဟင်းခတ်အမွှေးအကြိုင် ရှာဖွေခြင်းဖြင့် အင်ဒိုနီးရှားသို့စတင်ကျူးကျော် ဝင်ရောက်လာခဲ့ကြပါ

သည်။ ၎င်းတို့နောက်တွင် စပိန်လူမျိုးတို့လည်း ထပ်မံ ရောက်ရှိလာခဲ့ကြပါသည်။ ပေါ်တူဂီတို့အား Sumatra ကျွန်း Aceh ဒေသဘုရင်၊ Java ကျွန်း Demak ဒေသဘုရင် နှင့် Maluku ကျွန်း Ternate ဒေသဘုရင်တို့က စုပေါင်း၍ တိုက်ခိုက်တွန်းလှန်ခဲ့ကြပါ သည်။ ၁၅၇၀ ခုနှစ်တွင် ပေါ်တူဂီတို့သည် Maluku ကျွန်း Ternate ဒေသဘုရင်ကို တိုက်ခိုက် သတ်ဖြတ်နိုင်ခဲ့သည့်အတွက် ၎င်းဘုရင်၏ သားဖြစ်သော Baabullah က ဦးဆောင်၍ပေါ်တူဂီနှင့် စပိန်တို့၏ တိုက်ခိုက်မှုကိုခုခံရန် ဒတ်ချ်တို့နှင့် မဟာမိတ်ဖွဲ့ခဲ့ပါသည်။

**ဒတ်ချ်တို့ဝင်ရောက်ကိုလိုနီပြုခဲ့သည့်ကာလ** – ယင်းအချိန်မှာပင် ဒတ်ချ်တို့သည် အင်ဒိုနီးရှားဒေသထွက် ဟင်းခတ်အမွှေးအကြိုင်များကို ဥရောပဈေးကွက်တွင် အမြတ်ကြီးစွာဖြင့် ရောင်းချရန် လမ်းကြောင်းရှာဖွေခဲ့သည်။ ၎င်းတို့သည့် ပိုမိုထိရောက်ကောင်းမွန်သည့် ကုန်သွယ်မှုကိုပြုလုပ်နိုင်ရန်အတွက် Dutch East India Company (VOC) ကို ၁၆၀၂ ခုနှစ်တွင် တည်ထောင်ခဲ့ပါသည်။ ပင်လယ်ပြင်တွင် ဒတ်ချ်ကုန်သည်တို့ ပင်လယ်ဓားပြတိုက်ခံရခြင်းမှကာကွယ်ရန် ဒတ်ချ် စစ်သင်္ဘောများအား ၎င်းကုမ္ပဏီနှင့်ပူးပေါင်းရန် ဒတ်ချ်အစိုးရက အမိန့်ထုတ်ပြန်ခဲ့သည်။ ၁၇၉၉ ခုနှစ်တွင် (VOC) ကုမ္ပဏီအား နိုင်ငံပိုင်ပြုလုပ်ပြီးနောက် ဒတ်ချ်အစိုးရသည် အင်ဒိုနီးရှား၏ အချက်အခြာကျသောဒေသများအား ချုပ်ကိုင်ခဲ့သည်။ ယင်းဒေသများရှိ ပြည်သူများ၏ လယ်ယာထွက်ကုန်များအား ဒတ်ချ်ကုန်သည်များထံအပ်နှံရန် အတင်းအကျပ်ဖိအားပေးခဲ့သည်။ ထိုအချိန်မှစ၍ အင်ဒိုနီးရှားတွင် ဒတ်ချ်ကိုလိုနီပြုမှု စတင်ခဲ့သည်။ ဒတ်ချ်တို့သည် ၎င်းတို့အခြေစိုက်သည့် Sunda Kelapa (ယခုမြို့တော် ဂျကာတာ) ဒေသ အား Batavia ဟု အမည်ပြောင်းလဲခဲ့သည်။ ယင်းအချိန်တွင် ဂျာဗားကျွန်း၌အုပ်စိုးနေသည့် Mataram မင်းဆက်ဘုရင် Agung Hanyokrokusumo သည် ဒတ်ချ်တို့အတွက် အလွန် ကြီးမားသော ရန်သူဖြစ်ခဲ့သည်။ ၁၆၂၉ တွင် ဘုရင် Agung သည် Betavia အားတိုက်ခိုက်ရန် ၎င်း၏စစ်တပ်အား စေလွှတ်ခဲ့သည်။ သို့ရာတွင် ဒတ်ချ်ဘုရင်ခံချုပ် Jan ၏ စစ်တပ်က ၎င်းစစ်တပ်အားတိုက်ခိုက်ချေမှုန်းခဲ့သည်။ VOC ကုမ္ပဏီက ဂျာဗားကျွန်းအား Yogyakarta စီရင်စု နယ်မြေ နှင့် Surakarta စီရင်စုနယ်မြေအဖြစ် ခွဲခြားခံရပြီးနောက် Mataram မင်းဆက်ပျက်သုန်းခဲ့သည်။ သို့သော် ၁၇၉၉ တွင် VOC ကုမ္ပဏီ ဒေဝါလီခံရပြီး အင်ဒိုနီးရှားနယ်မြေအားလုံးသည် Batavia ရှိ ဒတ်ချ်အုပ်ချုပ်မှုအောက်သို့ ကျရောက်ခဲ့သည်။

**ဗြိတိသျှတို့သိမ်းပိုက်ခဲ့သည့်ကာလ** – ဥရောပတွင် Napoleonic Wars စတင်ဖြစ်ပွားပြီးနောက် အင်ဒိုနီးရှားသည် ၁၈၁၁ ခုနှစ်မှ ၁၈၁၆ ခုနှစ်အထိ British East India Company ၏အုပ်ချုပ်မှုအောက်သို့ကျရောက်ခဲ့ပြန်သည်။ Napoleon ကျရှုံးပြီး ပြင်သစ်၏သိမ်းပိုက်မှုများ အဆုံးသတ်ပြီးနောက် ၁၈၁၄ ခုနှစ်တွင် လန်ဒန်မြို့၌ ဗြိတိန်နှင့် ဒတ်ချ်တို့သည် သဘောတူစာချုပ်တစ်ခုချုပ်ဆိုခဲ့သည်။ ယင်းစာချုပ်မှာ ၁၈၀၃ ခုနှစ် နောက်ပိုင်းတွင် ဒတ်ချ်တို့က ကိုလိုနီအဖြစ်ပိုင်ဆိုင်ခဲ့သော နယ်မြေများအား Batavia ရှိ ဒတ်ချ်တို့၏အုပ်ချုပ်မှုအောက်သို့ ပြန်လည်

လွှဲပြောင်းပေးရေး သဘောတူညီချက်ဖြစ်သည်။ ဤသို့ဖြင့် ၁၈၁၅ ခုနှစ်တွင် ဒတ်ချ်တို့သည် အင်ဒိုနီးရှားကျွန်းစုများအား ဖြိတိန်ထံမှပြန်လည်ရရှိခဲ့သည်။

**ဂျပန်လက်အောက်သို့ကျရောက်ခဲ့သည့်ကာလ** – ၁၉၄၁ ခုနှစ် ဒီဇင်ဘာလတွင် ဂျပန်တို့သည် အမေရိကန်ပိုင် ပုလဲဆိပ်ကမ်းအား ဗုံးကြဲတိုက်ခိုက်ပြီးနောက် အရှေ့တောင်အာရှနိုင်ငံများသို့ ရွှေ့ပြောင်းတိုက်ခိုက်သိမ်းပိုက်ခဲ့ကြပါသည်။ ၎င်းတို့၏ သိမ်းပိုက်မှုတွင် စင်္ကာပူနိုင်ငံကျဆုံးပြီးနောက် ဂျပန်တို့သည် Dutch East Indies ပိုင်နယ်မြေများသို့ ဆက်လက်ကျူးကျော်တိုက်ခိုက်ခဲ့ရာ ဒတ်ချ်ကိုလိုနီစစ်တပ်သည် ၁၉၄၂ ခုနှစ် မတ်လတွင် ဂျပန်တို့အားစစ်ရှုံးခဲ့ပြီး အင်ဒိုနီးရှားနိုင်ငံသည် ဂျပန်တို့၏လက်အောက်သို့ ကျရောက်ခဲ့ပါသည်။

## ၂။ လွတ်လပ်ရေးကြိုးပမ်းမှုနှင့် ၁၉၄၅ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲအတည်ပြုခြင်း

၁၉၄၂ ခုနှစ်တွင် ဂျပန်တို့သည် အင်ဒိုနီးရှားနိုင်ငံပါဝင်သော Dutch East Indies နယ်ပယ်များကို ကျူးကျော်တိုက်ခိုက်ခဲ့ပြီး ဒတ်ချ်ကိုလိုနီနယ်မြေများအား ဒုတိယကမ္ဘာစစ်ကာလတလျှောက်လုံး သိမ်းပိုက်ထားခဲ့သည်။ ထို့နောက် ဗီယက်နမ်နိုင်ငံ၊ ဆိုင်ဂွန်ဒေသတွင် အခြေစိုက်ထားသည့် ဂျပန်၏ တောင်ပိုင်းနိုင်ငံခြားစစ်ဆင်ရေးစစ်တပ်၏ အုပ်ချုပ်မှုအောက်တွင် အင်ဒိုနီးရှားနိုင်ငံ ကျရောက်ခဲ့သည်။ ဂျပန်တို့က အင်ဒိုနီးရှားနိုင်ငံအား ကျွန်းကြီးများပေါ်တွင် အခြေခံလျက် စစ်တပ်အစိုးရနယ်မြေ (၃) ခုအဖြစ် ပိုင်းခြားသတ်မှတ်၍ အုပ်ချုပ်ခဲ့သည်။ ဆူမာတြာကျွန်းအား အမှတ် (၂၅) ဂျပန်စစ်တပ်အောက်သို့လည်းကောင်း၊ ဂျာဗားကျွန်းအား အမှတ် (၁၆) ဂျပန်စစ်တပ်အောက်သို့လည်းကောင်း၊ ဘော်နီယိုကျွန်းအပါအဝင် အရှေ့အင်ဒိုနီးရှားအား ဂျပန်တော်ဝင်ရေတပ်အောက်သို့လည်းကောင်း သွတ်သွင်းခဲ့သည်။

၁၉၄၅ ခုနှစ်၊ မတ်လ ၁ ရက်နေ့တွင် ဂျပန်တို့သည် ဒုတိယကမ္ဘာစစ် ရှုံးမည့် အရိပ်လက္ခဏာတွေ့မြင်လာ၍ အမှတ် (၁၆) ဂျပန်စစ်တပ်သည်အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်းလွတ်လပ်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများဆိုင်ရာ စုံစမ်းစစ်ဆေးရေးကော်မတီကို ဖွဲ့စည်းစေခဲ့သည်။ ယင်းကော်မတီတွင် အဖွဲ့ဝင် (၆၂) ဦးပါဝင်ပြီး နောင်သမ္မတဖြစ်လာမည့် အင်ဒိုနီးရှားအမျိုးသားခေါင်းဆောင် ဆူကာနိုနှင့် ဒုတိယသမ္မတဖြစ်လာမည့် မိုဟာမက်ဟာတာတို့မှာ ယင်းကော်မတီအဖွဲ့တွင် ပါဝင်ခဲ့သည်။ အမှတ် (၂၅) ဂျပန်စစ်တပ်သည်လည်း ဆူမတြာကျွန်းလွတ်လပ်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများဆိုင်ရာ စုံစမ်းစစ်ဆေးရေးကော်မတီကို ဖွဲ့စည်းခဲ့သည်။ ယင်းအဖွဲ့အစည်းနှစ်ရပ်သည် ၁၉၄၅ ခုနှစ် မေလမှ ဇူလိုင်လအတွင်း အစည်းအဝေးများပြုလုပ်ခဲ့ကြပြီး နောင်လွတ်လပ်သည့် အင်ဒိုနီးရှားနိုင်ငံ၏ အတွေးအခေါ်မူသဘောတရား (Pancasila Ideology) ပါဝင်သည့် အကြောင်းအရာများအား ဆွေးနွေးခဲ့သည်။ ယင်း Ideology အား နောင်သမ္မတ


ဖြစ်လာသည့် ဆူကာနိုက ၁၉၄၅ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့ မိန့်ခွန်းတွင် ထည့်သွင်းပြောကြား ခဲ့သည်။

ထို့နောက် ဆူကာနို၏မူသဘောတရား (Pancasila Ideology) အား ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်း၏ နိဒါန်းပိုင်းတွင်ထည့်သွင်း၍ အင်ဒိုနီးရှားသမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအား စတင်ရေးဆွဲခဲ့သည်။ ယင်းဖွဲ့စည်းပုံအခြေခံဥပဒေအား “ဂျကာတာသဘောတူညီချက်” ဟုလည်း ခေါ်ဆိုခဲ့ကြသည်။ ထိုဖွဲ့စည်းပုံအခြေခံဥပဒေသည် ကတိကဝတ်တစ်ခုလည်းဖြစ်ပြီး ယင်းတွင် အစ္စလမ်ဘာသာရေးဥပဒေကို လိုက်နာရမည့် မွတ်စလင်လူမျိုးတို့၏ တာဝန်ဝတ္တရားများလည်း ပါဝင်သည်။ ၁၉၄၅ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်နေ့တွင်ကျင်းပသည့် အစည်းအဝေးတွင် အဖွဲ့ဝင် (၁၉) ဦးပါဝင်သော ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးကော်မတီမှ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ထုတ်ဖော်တင်ပြခဲ့သည်။

အဆိုပါဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းတွင် ပုဒ်မပေါင်း (၃၇) ခု၊ ကူးပြောင်းချိန်ကာလ ပြဋ္ဌာန်းချက် (၄) ခုနှင့် နောက်ဆက်တွဲ ပြဋ္ဌာန်းချက် (၂) ခုတို့ပါဝင်ခဲ့သည်။ “သမ္မတစနစ်ကျင့်သုံး သည့် တစ်ပြည်ထောင်နိုင်ငံဖြစ်ရမည်” ဟုဖော်ပြထားသည်။ ၁၉၄၅ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့ တွင် ဂျပန်တို့စစ်ရှုံးကြောင်း ကြေညာခဲ့သည်။ ဂျပန်တို့စစ်ရှုံးကြောင်း ကြေညာပြီး (၂) ရက်အကြာ ၁၉၄၅ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်နေ့တွင် အမျိုးသားခေါင်းဆောင်များဖြစ်ကြသော ဆူကာနိုနှင့် မိုဟာမက်ဟာတာတို့မှ အင်ဒိုနီးရှားနိုင်ငံ၏ လွတ်လပ်ရေးကိုကြေညာခဲ့သည်။

ထို့နောက် ဆူကာနိုသဘာပတိအဖြစ် ဆောင်ရွက်သည့် အဖွဲ့ဝင် (၂၇) ဦးပါအဖွဲ့သည် အစည်းအဝေးတွင် အဆိုပြုထားခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ(မူကြမ်း) (ဂျကာတာသဘော တူညီချက်)အား ပုဒ်မတစ်ခုချင်းအလိုက် စတင်ဆွေးနွေးခဲ့ကြသည်။ ယင်းကော်မတီသည် အခြေခံ ပြဋ္ဌာန်းချက်အချို့ကို ပြင်ဆင်ခဲ့ပြီး အစ္စလာမ်ဘာသာရေးဥပဒေကို လိုက်နာရမည့် မွတ်စလင် လူမျိုးများ၏ တာဝန်ဝတ္တရားများကို ဖော်ပြထားသော “ဂျကာတာသဘောတူညီချက်” မှ စကားရပ် များကို ဖယ်ရှားခဲ့သည်။ ထိုသဘောတူညီချက်အသစ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ ဖြစ်လာခဲ့ပြီး သမ္မတသည် မွတ်စလင်လူမျိုးဖြစ်ရမည်ဟူသော စာပိုဒ်ကို ဖယ်ရှားခဲ့သည်။ ထို့နောက် ၁၉၄၅ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့တွင် ယင်းကော်မတီသည် အင်ဒိုနီးရှားသမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံ ဥပဒေကို အတည်ပြုပြဋ္ဌာန်းခဲ့သည်။

၁၉၄၅ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အင်ဒိုနီးရှားနိုင်ငံ၏ နိုင်ငံဖွဲ့စည်းပုံမှာ အောက်ပါ အတိုင်းဖြစ်ပါသည်-




MPR = People's Consultative Council

DPR = People's Representative Council

BPK = Supreme Audit Agency

DPA = Supreme Advisory Council

MA = Supreme Court

အင်ဒိုနီးရှားသမ္မတနိုင်ငံသည် ၁၉၄၅ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေအတည်ပြုပြဋ္ဌာန်းနိုင်ပြီး လွတ်လပ်ရေးရရှိခဲ့သော်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေအရ ရွေးကောက်ပွဲများကို ကျင်းပနိုင်ခြင်းမရှိဘဲ ဒတ်ချ်နယ်ချဲ့စနစ် ပြန်လည်အသက်သွင်းလာသောကြောင့် ၁၉၄၅ ခုနှစ်မှ ၁၉၄၇ ခုနှစ်အတွင်းတွင် ဒတ်ချ်တို့နှင့် အင်ဒိုနီးရှားနိုင်ငံတော်လှန်ရေးသမားများသည် လွတ်လပ်ရေးအတွက် ယှဉ်ပြိုင်တိုက်ပွဲများ ဖြစ်ပွားခဲ့ရသည်။ လွတ်လပ်ရေးဆိုင်ရာ ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ခဲ့ရပြီး နောက်ဆုံးတွင် ကုလသမဂ္ဂအဖွဲ့ကြီး၏ဝင်ရောက်ဖြန်ဖြေပေးမှုဖြင့် နယ်သာလန်နိုင်ငံမှအင်ဒိုနီးရှားနိုင်ငံ၏လွတ်လပ်ရေးကို အသိအမှတ်ပြုသောကြောင့် ၁၉၄၉ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်နေ့၌ အင်ဒိုနီးရှားပြည်ထောင်စုအမည်ဖြင့် လွတ်လပ်ရေးအပြည့်အဝရရှိခဲ့သည်။

၁၉၄၅ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေအရ အင်ဒိုနီးရှားနိုင်ငံသည် သမ္မတစနစ်ကျင့်သုံးသည့် တစ်ပြည်ထောင်နိုင်ငံဖြစ်သည်။ ပြည်သူ့ညီလာခံကောင်စီ (MPR) သည် အမြင့်ဆုံးသော ဥပဒေပြုအဖွဲ့အစည်းဖြစ်သည်။ ပြည်သူ့အတိုင်ပင်ခံညီလာခံ (MPR) ၏အောက်တွင် ပြည်သူ့ကိုယ်စားပြုကောင်စီ (DPR) ရှိသည်။ တရားရုံးချုပ် (MA) သည် အမြင့်ဆုံးသော တရားစီရင်ရေးအဖွဲ့အစည်းဖြစ်သည်။ သမ္မတအားအကြံပေးရန် အမြင့်ဆုံးသော အကြံပေးကောင်စီ (DPA) အားဖွဲ့စည်းထားသည်။ အမြင့်ဆုံးသော စာရင်းစစ်အဖွဲ့ (BPK) အား နိုင်ငံ၏ ငွေကြေးဆိုင်ရာကိစ္စရပ်များကို စစ်ဆေးဆောင်ရွက်ရန် ထားရှိသည်။ ၁၉၄၅ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်သူ့ညီလာခံကောင်စီ (MPR) သည် အင်ဒိုနီးရှားသမ္မနိုင်ငံ၏ အမြင့်ဆုံးသော အဖွဲ့အစည်းဖြစ်သည်။

## ၃။ ၁၉၄၅ ခုနှစ်မှ ၁၉၅ဝ ခုနှစ်အတွင်း ပြဋ္ဌာန်းခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေနှစ်ရပ်

အင်ဒိုနီးရှားနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေသမိုင်းကြောင်းတွင် ၁၉၄၅ ခုနှစ် ဩဂုတ်လ (၁၈) ရက်နေ့၌ အင်ဒိုနီးရှားနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပထမဆုံးစတင်အတည်ပြုကြောင်း ကြေညာခဲ့သည်။ ၁၉၄၉ ခုနှစ်တွင် နယ်သာလန်နိုင်ငံသည် အင်ဒိုနီးရှားနိုင်ငံ၏ အချုပ်အခြာ အာဏာကို တရားဝင်အသိအမှတ်ပြု လွှဲပြောင်းပေးအပ်ခဲ့ပြီးနောက် အင်ဒိုနီးရှားနိုင်ငံသည် ၁၉၄၅ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအား ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေ (Federal Constitution of the United States of Indonesia) ဖြင့် အစားထိုးပြဋ္ဌာန်းခဲ့သည်။ ၎င်းဖွဲ့စည်းပုံအခြေခံဥပဒေ သည် အချုပ်အခြာအာဏာတရားဝင်လွှဲပြောင်းခြင်းခံရသည့် နိုင်ငံသစ် (United States of Indonesia) ထူထောင်ခြင်းနှင့်အတူ ၁၉၄၉ ခုနှစ်၊ ဒီဇင်ဘာလ (၂၇) ရက်နေ့တွင် အာဏာသက်ဝင် ခဲ့သည်။ သို့သော်လည်း နောင် (၈) လခန့်အကြာတွင် ပြည်နယ်အသီးသီးနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအသီးသီးတို့သည် ၎င်းတို့ဆန္ဒဖြင့် ပြည်နယ်ကြီးတစ်ခု (Republic of Indonesia) အဖြစ် ပေါင်းစည်းသွားခဲ့သောကြောင့် (Republic of Indonesia) အား သမ္မတဆူကာနိုက တရားဝင် ဖျက်သိမ်းခဲ့ရပြီး ၁၉၅ဝ ခုနှစ် ဩဂုတ်လ ၁၇ ရက်နေ့တွင် ယာယီဖွဲ့စည်းပုံအခြေခံဥပဒေ (Provisional Constitution) ဖြင့် ထပ်မံအစားထိုးပြဋ္ဌာန်းခဲ့သည်။ (Unitary Republic of Indonesia) အဖြစ် ပြန်လည်တည်ထောင်ခဲ့သည်။ ၁၉၅၅ ခုနှစ်တွင် ပြည်သူ့ကိုယ်စားပြုကောင်စီ ကို ရွေးကောက်ပွဲ ကျင်းပ၍ရွေးချယ်ပြီး ရွေးကောက်ခံကိုယ်စားလှယ်များကို ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်ရေးဆွဲရေး ညီလာခံကိုယ်စားလှယ်များအဖြစ် သတ်မှတ်၍ ညီလာခံကျင်းပခဲ့သည်။ ၎င်း ညီလာခံတွင် အမျိုးသားရေးဝါဒီများနှင့် အစ္စလမ်ဘာသာရေးဝါဒီများအကြား အငြင်းပွားမှုများ ပေါ်ပေါက်လာခဲ့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ရေးဆွဲရေးကိစ္စရပ်မှာ နှောင့်နှေးခဲ့သည်။

## ၄။ ၁၉၄၅ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေ ပြန်လည်အတည်ဖြစ်ခဲ့ခြင်း

သမ္မတဆူကာနိုမှ ယင်းအခြေအနေကို ကျော်လွှားရန်အတွက် ၁၉၄၅ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြန်လည်ကျင့်သုံးရန် စစ်တပ်၏ထောက်ခံမှုဖြင့် အဆိုပြုခဲ့သည်။ ၎င်းအဆိုအား လွှတ်တော်တွင် မဲခွဲဆုံးဖြတ်ရာ အတည်ပြုရန် လိုအပ်သည့် မဲအရေအတွက် သုံးပုံနှစ်ပုံမရရှိခဲ့ပေ။ သို့သော်လည်း ၁၉၅၉ ခုနှစ် ဇူလိုင်လ ၅ ရက်နေ့တွင် သမ္မတဆူကာနိုက ယင်းညီလာခံကို ဖျက်သိမ်း၍ ၁၉၄၅ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအား ပြန်လည်ကျင့်သုံးရန် အမိန့်ထုတ်ပြန် ခဲ့သည်။

၁၉၆၈ ခုနှစ်၊ မတ်လ ၁၂ ရက်နေ့တွင် သမ္မတ ဆူကာနိုသည် တိုင်းပြည်အတွင်း အရေးပေါ် အခြေအနေများကြောင့် အုပ်ချုပ်ရေးအာဏာများအား ဗိုလ်ချုပ်ကြီး ဆူဟာတိုထံသို့ လွှဲပြောင်း ပေးခဲ့သည်။ ၁၉၆၈ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့တွင် ပြည်သူ့အတိုင်ပင်ခံကောင်စီသည် ၁၉၄၅ ခုနှစ်

ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဗိုလ်ချုပ်ကြီးဆူဟာတိုအား သမ္မတအဖြစ်ရွေးကောက်တင်မြှောက်ခဲ့သည်။

သမ္မတဆူဟာတိုသည် ၎င်းရေးဆွဲထားသော New Order (Orde Baru) ဖြင့် အင်ဒိုနီးရှားနိုင်ငံအား ဆက်လက်အုပ်ချုပ်ခဲ့သည်။ ၎င်းအုပ်ချုပ်သည့်ကာလတွင် ရွေးကောက်ပွဲစနစ်များကို ပြုပြင်ပြောင်းလဲခဲ့သော်လည်း ရွေးကောက်ပွဲသို့ဝင်ခွင့်ရှိသည့် ပါတီများမှာ (၃) ခု သာဖြစ်သည်။ အခြားပါတီအားလုံးကို ထိုပါတီ (၃) ခုနှင့် ပူးပေါင်းစေခဲ့သည်။ လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း (၅၀၀) ဦးအနက် ကိုယ်စားလှယ် (၁၀၀) ဦးနေရာကို တပ်မတော်သား ကိုယ်စားလှယ်များအတွက် ထားရှိစေခဲ့သည်။ သမ္မတဆူဟာတိုသည် ပြည်သူ့အတိုင်ပင်ခံကောင်စီတွင် ထောက်ခံမဲအများဆုံးဖြင့် ၁၉၇၃၊ ၁၉၇၈၊ ၁၉၈၃၊ ၁၉၈၈၊ ၁၉၉၃ နှင့် ၁၉၉၈ ခုနှစ်များတွင် သမ္မတအဖြစ် (၆) ကြိမ် ပြန်လည်ရွေးကောက်တင်မြှောက်ခံခဲ့ရပြီး တိုင်းပြည်အား (၃၁) နှစ်ကျော်ကြာ အုပ်ချုပ်ခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံအား New Order အုပ်ချုပ်ရေးစနစ်သစ်ဖြင့် အုပ်ချုပ်ခဲ့သော သမ္မတဆူဟာတိုသည် ၁၉၄၅ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေအား မည်သည့်ပြင်ဆင်ချက်မျှ ပြုလုပ်ခဲ့ခြင်းမရှိပေ။

## ၅။ ၁၉၄၅ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေအား ပြန်လည်ပြင်ဆင်ခြင်း

၁၉၉၈ ခုနှစ် သမ္မတဆူဟာတိုခေတ်လွန်ကာလတွင် ၁၉၄၅ ခုနှစ်ဖွဲ့စည်းပုံအခြေခံ ဥပဒေအား ဒီမိုကရေစီစံနှုန်းနှင့်ပိုမိုကိုက်ညီစေရန် ပြင်ဆင်နိုင်မည့်နည်းလမ်းများ ပေါ်ပေါက်လာခဲ့သည်။ ထို့နောက် ပြည်သူ့အတိုင်ပင်ခံညီလာခံကျင်းပ၍ ၁၉၉၉၊ ၂၀၀၀၊ ၂၀၀၁ နှင့် ၂၀၀၂ ခုနှစ် တို့တွင် ၁၉၄၅ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအား ပြင်ဆင်ခဲ့ကြသည်။ ရလဒ်အနေဖြင့် အရေးပါသော ပြင်ဆင်ပြောင်းလဲမှုများ ပြုလုပ်နိုင်ခဲ့ပြီး အခန်း (၁၅) ခန်းနှင့် အပိုဒ် (၃၇) ပိုဒ်ပါဝင်သော ၁၉၄၅ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအဖြစ် ပြင်ဆင်နိုင်ခဲ့သည်။

ထိုသို့ပြင်ဆင်ခဲ့ရာတွင် အောက်ဖော်ပြပါ အရေးပါသော အချက်များအားပြင်ဆင်နိုင်ခဲ့သည်။ ၎င်းတို့မှာ-

(က) သမ္မတ၏ ရာထူးသက်တမ်းအားကန့်သတ်ခြင်း၊

(ခ) ဒေသကိုယ်စားပြုကောင်စီ (DPD) အား ဖွဲ့စည်းတည်ထောင်ခြင်း၊

(ဂ) သမ္မတအုပ်ချုပ်ရေးစနစ်အား အာဏာအပြည့်အဝရရှိစေခြင်း၊

(ဃ) သမ္မတအား ပြည်သူ့အတိုင်ပင်ခံကောင်စီက ရွေးကောက်တင်မြှောက်ခြင်းစနစ်မှ ဒီမိုကရေစီစံနှုန်းနှင့်ပိုမိုကိုက်ညီသည့် ပြည်သူကတိုက်ရိုက်ရွေးချယ်ခြင်း စနစ်သို့ ပြောင်းလဲခြင်း၊

(င) ပြည်သူ့အတိုင်ပင်ခံညီလာခံ (MPR) အား ဖွဲ့စည်းပုံတွင် အမြင့်ဆုံးနေရာ၌ ထားရှိခြင်းမှ အခြား နိုင်ငံအဆင့်အဖွဲ့အစည်းများနှင့် တပြေးညီချိန်ညှိထားရှိခြင်း၊


(စ) အမြင့်ဆုံးအကြံပေးကောင်စီ (DPA) အားဖျက်သိမ်းခြင်း

(ဆ) ပြည်သူ့ကိုယ်စားပြုကောင်စီဝင်များနှင့် ဒေသကိုယ်စားပြုကောင်စီဝင်များအား လျှို့ဝှက်၊ တရားမျှတမှုရှိစွာဖြင့် တိုက်ရိုက်ရွေးကောက်တင်မြှောက်ခြင်း၊

(ဇ) ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးတစ်ရုံးအား ဖွဲ့စည်းပုံအခြေခံဥပဒေစနစ်ကို ကာကွယ်စောင့်ရှောက်ရန် တည်ထောင်ခြင်း၊

(ဈ) တရားစီရင်ရေးဆိုင်ရာကော်မရှင်အဖွဲ့ ဖွဲ့စည်းခြင်း၊

(ည) လူ့အခွင့်အရေးနှင့်စပ်လျဉ်းသည့် အပိုဒ် (၁၀) ပိုဒ်ထည့်ခြင်းတို့ဖြစ်ကြပါသည်။




## ၁၉၄၅ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေအား ၂၀၀၂ ခုနှစ်တွင် စတုတ္ထအကြိမ်ပြင်ဆင်ပြီးနောက် နိုင်ငံတော်ဖွဲ့စည်းပုံ

၁၉၄၅ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေအား လွတ်လပ်သည့်အင်ဒိုနီးရှားသမ္မတနိုင်ငံ၏ အခြေခံ စည်းမျဉ်းပြယုဂ်ဖြစ်သော "Pancasila Ideology" ဟူသည့် အမျိုးသားရေးမူဝါဒ (၅) ချက်ဖြင့် အခြေခံ အစပြုထားသည်။ ၎င်းမူဝါဒ (၅) ချက်မှာ –

(က) တစ်ဆူတည်းသော ထာဝရဘုရားအား ယုံကြည်ကိုးစားခြင်း၊

(ခ) တရားမျှတ၍ ဖွံ့ဖြိုးတိုးတက်သော လူ့အဖွဲ့အစည်း တည်ဆောက်ခြင်း၊

(ဂ) အင်ဒိုနီးရှားနိုင်ငံ၏ စည်းလုံးညီညွတ်မှု၊

(ဃ) ပြည်သူ့ကိုယ်စားလှယ်များ၏ နှိုင်းဆသည့် အသိဉာဏ်ပညာဖြင့် ဦးဆောင်သော ဒီမိုကရေစီ၊

(င) အင်ဒိုနီးရှားပြည်သူများအားလုံးအတွက် တရားမျှတသော လူမှုဘဝရရှိစေရေး တို့ဖြစ်ပါသည်။

**၆။ ဥပဒေပြုရေး**

ဖွဲ့စည်းပုံအခြေခံဥပဒေအပိုဒ် ၁၉ အရ **ပြည်သူ့ကိုယ်စားပြုကောင်စီ (People's Representative Council - Dewan Perwakilan Rakyat)** ကို အထွေထွေရွေးကောက်ပွဲကျင်းပ၍ ရွေးကောက်တင်မြှောက်ထားသော ကိုယ်စားလှယ်များနှင့်ဖွဲ့စည်းပြီး ကောင်စီအစည်းအဝေးကို တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ် ပြုလုပ်ရသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၂၀ အရ ပြည်သူ့ကိုယ်စားပြုကောင်စီသည် ဥပဒေပြဋ္ဌာန်းခွင့်ရှိပြီး ကောင်စီဝင်များက ဥပဒေမူကြမ်းများကို စတင်အဆိုပြု တင်သွင်းရသည်။ ဥပဒေမူကြမ်းတစ်ခုအား “ပူးတွဲသဘောတူညီမှု” ရရှိရန် ပြည်သူ့ကိုယ်စားပြုကောင်စီနှင့် သမ္မတတို့က ဆွေးနွေးရသည်။ ထိုသို့ဆွေးနွေးရာတွင် ပူးတွဲသဘောတူညီီမှုမရရှိပါက ယင်းဥပဒေမူကြမ်းအား ထိုအစည်းအဝေးကာလတွင် ထပ်မံတင်သွင်းခွင့်မရှိပေ။ ပူးတွဲသဘောတူညီမှုရရှိပြီးသည့် ဥပဒေမူကြမ်းများသည် နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးပြီးလျှင် အာဏာသက်ဝင်သည်။ ဥပဒေမူကြမ်းတစ်ခုအား ပူးတွဲသဘောတူညီမှုရရှိပြီးနောက် သမ္မတက လက်မှတ်ရေးထိုးရန် ပျက်ကွက်ပါက ရက်ပေါင်း (၃၀) ပြည့်လျှင် ထိုဥပဒေမူကြမ်းအား ဥပဒေအဖြစ်ထုတ်ပြန် ကြေညာရမည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၂၀ (က) အရ ပြည်သူ့ကိုယ်စားပြုကောင်စီသည် နိုင်ငံတော်ဘတ်ဂျက်ငွေ ခွင့်ပြုခြင်းနှင့် ကြီးကြပ်ခြင်းတို့ကို ဆောင်ရွက်ရသည်။ အစိုးရ၏မူဝါဒနှင့်စပ်လျဉ်း၍ မေးခွန်းများမေးမြန်းခွင့်၊ အစိုးရအရာရှိကြီးများအား မေးခွန်းများမေးမြန်းခွင့်တို့ရှိသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၂၂ အရ နိုင်ငံတော်တွင် အရေးပေါ်ကိစ္စရပ်များ ပေါ်ပေါက်လာပါက သမ္မတသည် ဥပဒေကဲ့သို့အာဏာတည်သောအမိန့်များကို ထုတ်ပြန်နိုင်သည်။ ယင်းအမိန့်များအား အနီးကပ်ဆုံးကျင်းပသည့် ပြည်သူ့ကိုယ်စားပြုကောင်စီအစည်းအဝေးသို့တင်ပြ၍ အတည်ပြုချက်ရယူရသည်။ ကောင်စီ၏အတည်ပြုချက်မရရှိပါက ထိုအမိန့်များသည် အာဏာတည်ခြင်းမှ ရပ်စဲသည်။

ဥပဒေအမှတ် ၈/ ၂၀၁၂၊ လွှတ်တော်ကိုယ်စားလှယ်များဆိုင်ရာ အထွေထွေရွေးကောက်ပွဲ ဥပဒေပုဒ်မ ၂၁ အရ ပြည်သူ့ကိုယ်စားပြုကောင်စီ (DPR) ကိုယ်စားလှယ်များကို ကိုယ်စားလှယ် တစ်ဦးထက်ပို၍ ရွေးကောက်တင်မြှောက်ခွင့်ရှိသော မဲဆန္ဒနယ် (၇၇) ခုမှ ကိုယ်စားလှယ် (၅၇၅) ဦးဖြင့် ဖွဲ့စည်းထားပါသည်။ ကိုယ်စားလှယ်များကို နိုင်ငံရေးပါတီများမှတင်သွင်းသည့် ကိုယ်စားလှယ်

လောင်း စာရင်းမှတစ်ဆင့် Open List PR စနစ်ကို အသုံးပြု၍ရွေးကောက်တင်မြှောက်ခြင်း ဖြစ်ပါသည်။

၂၀၁၂ ခုနှစ် လွှတ်တော်ကိုယ်စားလှယ် အထွေထွေရွေးကောက်ပွဲဥပဒေ ပုဒ်မ ၅ (၂) အရ **ဒေသကိုယ်စားပြုကောင်စီ (Regional Representative Council - Dewan Perwakilan Daerah)** တွင် ပြည်နယ်တစ်ခုလျှင် ကိုယ်စားလှယ် ၄ ဦးနှုန်းဖြင့် ပြည်နယ် ၃၄ ခုမှ အချိုးကျ ရွေးကောက်တင်မြှောက်ထားသည့် ကိုယ်စားလှယ် (၁၃၆) ဦးဖြင့် ဖွဲ့စည်းထားသည်။ သက်ဆိုင်ရာပြည်နယ် အသီးသီးမှ ပါတီဝင်မဟုတ်သော ကိုယ်စားလှယ်လောင်းများကို Single Non Transferable Vote စနစ်ဖြင့် ရွေးကောက်တင်မြှောက်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၂၂ (ဂ) အရ ဒေသအသီးသီးရှိ ဒေသကိုယ်စားပြုကောင်စီ ကိုယ်စားလှယ်အရေအတွက်သည် တူညီရမည်ဖြစ်ပြီး ပြည်သူ့ကိုယ်စားပြုကောင်စီဝင်အရေအတွက် ၃ ပုံ ၁ ပုံထက် ကျော်လွန်၍မရပေ။ ဒေသကိုယ်စားပြုကောင်စီအစည်းအဝေးကို တစ်နှစ်လျှင် အနည်းဆုံး (၁) ကြိမ်ကျင်းပရသည်။ ဒေသကိုယ်စားပြုကောင်စီသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဗဟိုအစိုးရနှင့် ဒေသအစိုးရကြား ဆက်ဆံရေး၊ စီရင်စုများတိုးချဲ့ရေး၊ စီးပွားရေးနှင့်သဘာဝသယံဇာတအရင်းအမြစ်များ စီမံခန့်ခွဲရေး၊ ဗဟိုအစိုးရနှင့် ဒေသအစိုးရကြားရှိဘဏ္ဍာရေးကိစ္စရပ်များ စသည်တို့နှင့်သက်ဆိုင်သည့် ဥပဒေမူကြမ်းများကို ရေးဆွဲအဆိုပြုရသည်။ ဒေသကိုယ်စားပြုကောင်စီသည် ကောင်စီနှစ်ရပ်ထားရှိရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းဖြင့် ၂၀၀၄ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သော ကောင်စီဖြစ်ပြီး လုပ်ပိုင်ခွင့်အကန့်အသတ်ဖြင့်သာ ဆောင်ရွက်ရသောကောင်စီ ဖြစ်သည်။

ဥပဒေပြုရေးတွင် နိုင်ငံတော်အဆင့် အမြင့်ဆုံးသောအဖွဲ့အစည်းသည် **ပြည်သူ့အတိုင်ပင်ခံညီလာခံ (People’s Consultative Assembly – Majelis Permusyawaratan Rakyat)** ဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၂ အရ ပြည်သူ့အတိုင်ပင်ခံညီလာခံ (MPR) အား အထွေထွေရွေးကောက်ပွဲဖြင့်ရွေးချယ်ထားသော ပြည်သူ့ကိုယ်စားပြုကောင်စီ (DPR) မှ ကိုယ်စားလှယ် (၅၇၅) ဦးနှင့် ဒေသကိုယ်စားပြုကောင်စီ (DPD) မှ ကိုယ်စားလှယ် (၁၃၆) ဦး၊ စုစုပေါင်း ကိုယ်စားလှယ် (၇၁၁) ဦးဖြင့် ဖွဲ့စည်းထားသည်။ ပြည်သူ့အတိုင်ပင်ခံညီလာခံသည် နိုင်ငံ၏မြို့တော်တွင် (၅) နှစ်လျှင် အနည်းဆုံး (၁) ကြိမ် အစည်းအဝေးခေါ်ယူကျင်းပရသည်။ ပြည်သူ့အတိုင်ပင်ခံညီလာခံတွင် ဆုံးဖြတ်ချက်များကို ဆန္ဒမဲဖြင့်သာ ဆုံးဖြတ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၃ အရ ပြည်သူ့အတိုင်ပင်ခံညီလာခံသည် ဖွဲ့စည်းပုံအခြေခံဥပဒေအား ပြင်ဆင်/ ပြဋ္ဌာန်းနိုင်သည်။ သမ္မတနှင့် ဒုတိယသမ္မတတို့အား ရာထူးအပ်နှင်းရေးကို ဆောင်ရွက်ရသည်။ သမ္မတနှင့်ဒုတိယ သမ္မတတို့အား ရာထူးတာဝန်ထမ်းဆောင်နေစဉ်အတွင်း ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ရာထူးမှထုတ်ပယ်နိုင်သည်။

၂၀၁၂ ခုနှစ် လွှတ်တော်ကိုယ်စားလှယ် အထွေထွေရွေးကောက်ပွဲဥပဒေ ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၁၂ နှင့် ပုဒ်မ ၅၁ တို့အရ ပြည်သူ့ကိုယ်စားပြုကောင်စီ ကိုယ်စားလှယ်များနှင့် ဒေသကိုယ်စားပြုကောင်စီကိုယ်စားလှယ်များသည် အသက် (၂၁) နှစ်ပြည့်ပြီးသူ၊ အင်ဒိုနီးရှားနိုင်ငံသားဖြစ်သူ၊ အင်ဒိုနီးရှားဘာသာစကားကျွမ်းကျင်သူ၊ အထက်တန်းအဆင့်ပြီးမြောက်သူ သို့မဟုတ် ၎င်းအဆင့်နှင့်တူညီသည့် ပညာအရည်အချင်းရှိသူ၊ လူမှုရေးလုပ်ငန်းများနှင့် အစိုးရ၏လုပ်ငန်းများတွင် လုပ်ကိုင်ခဲ့သူ၊ နိုင်ငံ၏ အခြေခံအမျိုးသားရေးမူဝါဒဖြစ်သည့် (Pancasila Ideology) အပေါ် သက်ဝင်ယုံကြည်သူ၊ ထောင်ဒဏ် (၅) နှစ်နှင့်အထက် ပြစ်ဒဏ်ထိုက်သင့်သော ရာဇဝတ်မှုဖြင့် ထောင်ဒဏ်ကျခံထားခြင်းမရှိသူ၊ ကိုယ်ရောစိတ်ပါ သန့်စွမ်းကျန်းမာသူစသည့် အချက်များနှင့် ပြည့်စုံရပါသည်။ ရွေးကောက်ပွဲဥပဒေပုဒ်မ ၄ (၁) အရ ကောင်စီနှစ်ရပ်လုံး၏ သက်တမ်းမှာ (၅) နှစ်ဖြစ်ပါသည်။

## ၇။ အုပ်ချုပ်ရေး

ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၄ အရ အင်ဒိုနီးရှားနိုင်ငံသမ္မတသည် နိုင်ငံတော်နှင့် အစိုးရအဖွဲ့အကြီးအကဲဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အစိုးရ၏အာဏာများကို ကျင့်သုံးနိုင်သည်။ အပိုဒ် ၅ အရ သမ္မတသည် ပြည်သူ့ကိုယ်စားပြုကောင်စီသို့ ဥပဒေမူကြမ်းတင်သွင်းခွင့်ရှိသည်။ ဥပဒေများအား အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် အစိုးရညွှန်ကြားချက်များ ထုတ်ပြန်နိုင်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၆ အရ သမ္မတနှင့် ဒုတိယသမ္မတတို့သည် မွေးဖွားစဉ်ကပင် အင်ဒိုနီးရှားနိုင်ငံသားဖြစ်သူ၊ မည်သည့်အခါမျှ အခြားနိုင်ငံသားအဖြစ် ခံယူထားခြင်းမရှိသူ၊ နိုင်ငံတော်ပုန်ကန်မှုနှင့်ကင်းရှင်းသူ၊ သမ္မတ သို့မဟုတ် ဒုတိယသမ္မတတို့၏ လုပ်ငန်းတာဝန်များကို စိတ်ရောကိုယ်ပါ စွမ်းစွမ်းတမံဆောင်ရွက်နိုင်သူစသည့် အချက်များနှင့် ပြည့်စုံရမည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၆ (က) (၁) အရ သမ္မတနှင့် ဒုတိယသမ္မတတို့ကို ပြည်သူများက တစ်ပြိုင်နက်တည်း တိုက်ရိုက်မဲပေးရွေးချယ်သည်။ အပိုဒ် ၆ (က) (၄) အရ သမ္မတနှင့် ဒုတိယသမ္မတအဖြစ် ရွေးကောက်ခံမည့်သူစာရင်း မတင်ပြနိုင်လျှင် အထွေထွေရွေးကောက်ပွဲတွင် ပထမနှင့် ဒုတိယမဲအများဆုံးရရှိသူနှစ်ဦးအား ပြည်သူကတိုက်ရိုက်ရွေးချယ်၍ ထိုသူတို့သည် သမ္မတနှင့် ဒုတိယသမ္မတများအဖြစ် ကျမ်းသစ္စာကျိန်ဆိုရသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၇ အရ သမ္မတနှင့် ဒုတိယသမ္မတတို့၏ ရာထူးသက်တမ်းသည် (၅) နှစ်ဖြစ်ပြီး တစ်ဆက်တစ်စပ်တည်း နောက်တစ်ကြိမ် ထပ်မံရွေးကောက်ခံနိုင်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁၀ အရ သမ္မတသည် ကြည်း၊ ရေ၊ တပ်ဖွဲ့အားလုံး၏ အကြီးအကဲဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁၁ အရ သမ္မတသည် ပြည်သူ့ကိုယ်စားပြု

ကောင်စီ၏ သဘောတူညီချက်ဖြင့် စစ်ကြေညာခြင်း၊ စစ်ပြေငြိမ်းခြင်းနှင့် အပြည်ပြည်ဆိုင်ရာ စာချုပ်များချုပ်ဆိုခြင်းတို့ ပြုလုပ်နိုင်သည်။ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်များနှင့် စပ်လျဉ်းသော ပြဋ္ဌာန်းချက်များ ပြဋ္ဌာန်းနိုင်သည်။ သမ္မတသည် နိုင်ငံတော်အရေးပေါ်အခြေအနေ ထုတ်ပြန်နိုင်သည်။ ပြည်သူ့ကိုယ်စားပြုကောင်စီ၏ သဘောတူညီချက်ဖြင့် သံအမတ်များနှင့် ကောင်စစ်ဝန်များ ခန့်အပ်နိုင်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁၄ အရ သမ္မတသည် တရားရုံးချုပ်၏ သဘောထားကိုထည့်သွင်းစဉ်းစား၍ ပြည်သူများအား ပြစ်ဒဏ်လျှော့ပေါ့ခြင်းနှင့် အခွင့်အရေးများ ပြန်လည်ပေးအပ်ခြင်းများကိုလည်းကောင်း၊ ပြည်သူ့ကိုယ်စားပြုကောင်စီ၏ သဘောထားကိုထည့်သွင်းစဉ်းစား၍ ပြစ်ဒဏ်ကျခံနေရသူများအား လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်း နှင့် အပြစ်မှကင်းလွတ်ခွင့်ပေးခြင်းများ ဆောင်ရွက်နိုင်သည်။ သမ္မတသည် ပြည်သူ့ကိုယ်စားပြု ကောင်စီ၏ သဘောထားကိုထည့်သွင်းစဉ်းစား၍ ဥပဒေနှင့်အညီ ဘွဲ့တံဆိပ်များ၊ ဂုဏ်ထူးဆောင် တံဆိပ်များ၊ ဘွဲ့ထူး၊ ဂုဏ်ထူးများ အပ်နှင်းခြင်းတို့ ပြုလုပ်နိုင်သည်။ သမ္မတသည် ၎င်းအား အကြံဉာဏ်ပေးမည့် အကြံပေးကောင်စီတစ်ရပ်ကို ဥပဒေပြဋ္ဌာန်း၍ ဖွဲ့စည်းနိုင်သည်။ ဝန်ကြီးများ အား ခန့်အပ်နိုင်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၇ (က) အရ သမ္မတ သို့မဟုတ် ဒုတိယသမ္မတသည် နိုင်ငံတော်ပုန်ကန်ခြင်း၊ လာဘ်ပေးလာဘ်ယူပြုခြင်း၊ တံစိုးလက်ဆောင်ယူခြင်း၊ ပြစ်မှုကြောင်းအရ ပြစ်မှုကျူးလွန်ခြင်း၊ ကိုယ်ကျင့်တရားပျက်ပြားခြင်း၊ ရာထူးတာဝန်ကိုထမ်းဆောင်ရန် အရည် အချင်းမပြည့်ဝခြင်းစသည့် အချက်များပေါ်ပေါက်ကြောင်း သက်သေအထောက်အထားခိုင်လုံလျှင် ပြည်သူ့ကိုယ်စားပြုကောင်စီ၏ အဆိုပြုချက်ဖြင့် ပြည်သူ့အတိုင်ပင်ခံညီလာခံက သမ္မတ သို့မဟုတ် ဒုတိယသမ္မတအား ရာထူးမှထုတ်ပယ်နိုင်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၇ (ဂ) အရ သမ္မတသည် ပြည်သူ့ကိုယ်စားပြုကောင်စီအား ဖျက်သိမ်းခြင်း မပြုနိုင်ပါ။

ဖွဲ့စည်းပုံအခြေခံဥပဒေအပိုဒ် ၁၈(က) အရ ဗဟိုအစိုးရနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြည်နယ် များ၊ သမ္မတကိုယ်စားအုပ်ချုပ်သောနယ်မြေများရှိ ဒေသဆိုင်ရာအစိုးရအဖွဲ့တို့၏ အုပ်ချုပ်ရေး အာဏာကို နယ်မြေတစ်ခုချင်းအလိုက် ဥပဒေပြဋ္ဌာန်း၍ ခွဲခြားသတ်မှတ်ထားသည်။ ဗဟိုအစိုးရနှင့် ဒေသဆိုင်ရာအစိုးရအဖွဲ့တို့အကြား ဘဏ္ဍာရေးကိစ္စရပ်များ၊ ဝန်ထမ်းကိစ္စရပ်များနှင့် သဘာဝ သယံဇာတအရင်းအမြစ်များ ခွဲဝေသုံးစွဲခြင်းကိစ္စရပ်များအား ဥပဒေပြဋ္ဌာန်း၍ မျှတစွာစီမံ ဆောင်ရွက်ရသည်။

၁၉၉၉ ခုနှစ်တွင် ဒေသဆိုင်ရာအုပ်ချုပ်ရေးဥပဒေ၊ ဥပဒေအမှတ် ၂၂ (Law No. 22/ 1999 Concerning Regional Administration) အားပြဋ္ဌာန်းခဲ့ပြီး ယင်းဥပဒေအရ အင်ဒိုနီးရှားသမ္မတ နိုင်ငံအား ပြည်နယ်များအဖြစ်ပိုင်းခြားသတ်မှတ်ထားပြီး ယင်းပြည်နယ်များအား သမ္မတတိုက်ရိုက်

အုပ်ချုပ်သည့်နယ်မြေများနှင့် ဒေသန္တရအုပ်ချုပ်မှုအောက်ရှိ နယ်မြေများအဖြစ် ထပ်မံပိုင်းခြား သတ်မှတ်ထားသည်။ ဒေသဆိုင်ရာအာဏာပိုင်များသည့် ၎င်းတို့၏ဒေသများကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဆိုင်ရာ စည်းမျည်းဥပဒေများနှင့်အညီ အုပ်ချုပ်ရသည်။ ဒေသဆိုင်ရာ အာဏာပိုင်နယ်မြေတိုင်းတွင် ဒေသကိုယ်စားပြုကောင်စီတစ်ခုစီရှိပြီး ကောင်စီဝင်များအား အထွေထွေရွေးကောက်ပွဲဖြင့်ရွေးချယ်သည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြည်နယ်များနှင့် သမ္မတတိုက်ရိုက်အုပ်ချုပ်သောနယ်မြေများ၏ အကြီးအကဲများဖြစ်သော ပြည်နယ်အုပ်ချုပ်ရေးမှူးများ၊ သမ္မတကိုယ်စားအုပ်ချုပ်သူများနှင့် မြို့တော်ဝန်များကို ပြည်သူများက ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်သည်။ ဒေသဆိုင်ရာအစိုးရအဖွဲ့များသည် ဥပဒေဖြင့် သီးခြားပြဋ္ဌာန်းထားသော ဗဟိုအစိုးရ၏ ကိစ္စရပ်များမှအပ အုပ်ချုပ်ရေးအာဏာကို ကျယ်ပြန့်စွာကျင့်သုံးနိုင်သည်။ ဒေသဆိုင်ရာအစိုးရအဖွဲ့များသည် ဒေသတွင်းကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် ဒေသန္တရစည်းမျဉ်းအမိန့်များကို ထုတ်ပြန်ခွင့်ရှိသည်။ ဒေသဆိုင်ရာအာဏာပိုင်များသည် နိုင်ငံခြားရေး၊ ကာကွယ်ရေး၊ ဘဏ္ဍာရေး၊ တရားစီရင်ရေးနှင့် ဘာသာရေးကဏ္ဍများမှအပ အခြားကဏ္ဍများအား အပြည့်အဝစီမံဆောင်ရွက်ခွင့်ရှိပါသည်။ နိုင်ငံခြားရေး၊ ကာကွယ်ရေး၊ ဘဏ္ဍာရေး၊ တရားစီရင်ရေးနှင့် ဘာသာရေးကဏ္ဍများကိုမူ ဗဟိုအစိုးရသာလျှင် စီမံဆောင်ရွက်ခွင့်ရှိသည်။

## ၈။ တရားစီရင်ရေး

အင်ဒိုနီးရှားနိုင်ငံ၏ တရားစီရင်ရေးစနစ်သည် Mixed Civil Law System ကို ကျင့်သုံးသော တရားစီရင်ရေးစနစ်ဖြစ်သည်။ ဓလေ့ထုံးတမ်းဥပဒေ (Customary Law) နှင့် ဘာသာရေးဆိုင်ရာဥပဒေ (Islamic Sharia Law) တို့ကိုလည်း လိုက်နာကျင့်သုံးသည်။ တရားသူကြီးများသည် သက်သေခံချက်များကို စစ်ဆေးပြီးနောက် ပြဋ္ဌာန်းဥပဒေများကိုကျင့်သုံး၍ အမှုကိုစီရင်ဆုံးဖြတ်သည်။

အင်ဒိုနီးရှားသမ္မတနိုင်ငံတွင် တရားစီရင်ရေးအာဏာကို ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၂၄ အရ တရားလွှတ်တော်ချုပ် (Supreme Court)၊ ပြည်သူ့တရားရုံးများ (Public Courts)၊ ဘာသာရေးဆိုင်ရာတရားရုံးများ (Religious Affairs Courts)၊ စစ်ခုံရုံး (Military Tribunals)၊ စီမံခန့်ခွဲမှုဆိုင်ရာတရားရုံးများ (State Administrative Courts) နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး (Constitutional Court) တို့က အကောင်အထည်ဖော် ဆောင်ရွက်သည်။

### (က) တရားလွှတ်တော်ချုပ် (Supreme Court – Mahkamah Agung)

ဖွဲ့စည်းပုံအခြေခံဥပဒေအပိုဒ် ၂၄ (က) (၁) အရ တရားလွှတ်တော်ချုပ်သည် အင်ဒိုနီးရှားနိုင်ငံ၏ အမြင့်ဆုံးသောတရားစီရင်ရေးအဖွဲ့အစည်းဖြစ်ပြီး လက်အောက်ခံတရားရုံးများ၏ တရားမနှင့် ပြစ်မှုဆိုင်ရာစီရင်ချက်များကို နောက်ဆုံးအယူခံကြားနာသည့် တရားရုံးဖြစ်သည်။ ၎င်းအား

ပြည်သူ့ကိုယ်စားပြုကောင်စီနှင့် နိုင်ငံတော်သမ္မတကပြဋ္ဌာန်းသည့် အက်ဥပဒေအရပေါ်ပေါက်လာသော နည်းဥပဒေနှင့်လုပ်ထုံးလုပ်နည်းအားလုံးကို တရားစီရင်ရေး ဆိုင်ရာပြန်လည်သုံးသပ်ခြင်း (Judicial Review) ဆောင်ရွက်ရန် အာဏာအပ်နှင်းထားသည်။ ဥပဒေအမှတ် ၁၄/ ၁၉၈၅၊ တရားလွှတ်တော်ချုပ်ဥပဒေ (၂၀၀၄ ခုနှစ်တွင်နှစ်ကြိမ်၊ ၂၀၀၉ ခုနှစ်တွင် တစ်ကြိမ်ပြင်ဆင်ပြီး) ပုဒ်မ ၃၄ အရ တရားလွှတ်တော်ချုပ်သည် တရားစီရင်ရေးဆိုင်ရာ အငြင်းပွားမှုအားလုံးကို ဆုံးဖြတ်ရသည့်အပြင် တရားလွှတ်တော်ချုပ်က ရှေးယခင်ကဆုံးဖြတ်ခဲ့သော စီရင်ချက်များအား ပြန်လည်သုံးသပ်ပေးရန် တင်ပြလာခြင်းများရှိပါက ကြားနာဆောင်ရွက်ရသည်။

လက်ရှိအချိန်တွင် တရားလွှတ်တော်ချုပ်အား တရားသူကြီးချုပ် (၁) ဦး၊ ဒုတိယတရားသူကြီးချုပ် (၂) ဦးနှင့် Chamber တရားသူကြီး (၇) ဦးတို့ဖြင့်ဖွဲ့စည်းထားသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၂၄ (က) နှင့် တရားလွှတ်တော်ချုပ်ဥပဒေ ပုဒ်မ ၇ (၁) အရ တရားလွှတ်တော်ချုပ်တရားသူကြီးများသည် အင်ဒိုနီးရှားနိုင်ငံသားဖြစ်သူ၊ ဘုရားသခင်အား သက်ဝင်ယုံကြည်သူ၊ နိုင်ငံ၏အမျိုးသားရေးမူဝါဒ (Pancasila Ideology) ကိုသစ္စာစောင့်သိသူ၊ ပိတ်ပင်ထားသည့် အင်ဒိုနီးရှားနိုင်ငံကွန်မြူနစ်ပါတီ၏ အဖွဲ့ဝင်ဟောင်းမဟုတ်သူ၊ ဥပဒေဘွဲ့ရရှိပြီး ဥပဒေနယ်ပယ်တွင် လုပ်ငန်းအတွေ့အကြုံရှိသူ၊ အနည်းဆုံးအသက် (၅၀) နှစ်ပြည့်ပြီးသူ၊ အယူခံတရားရုံးဥက္ကဋ္ဌအဖြစ် အနည်းဆုံး (၅) နှစ် တာဝန်ထမ်းဆောင်ခဲ့သူ သို့မဟုတ် အယူခံတရားရုံးတရားသူကြီးအဖြစ် အနည်းဆုံး (၁၀) နှစ်တာဝန်ထမ်းဆောင်ခဲ့သူ၊ သြဇာတိက္ကမကြီးမားသူ၊ ရိုးသားဖြောင့်မတ်ပြီး ကိုယ်ကျင့်တရားကောင်းမွန်သူစသည့် အရည်အချင်းများနှင့် ပြည့်စုံရမည်။ တရားလွှတ်တော်ချုပ် တရားသူကြီးများအား တရားစီရင်ရေးဆိုင်ရာကော်မရှင် (Judicial Commission) က ပြည်သူ့ကိုယ်စားပြုကော်မတီထံ အဆိုပြုပြီး ယင်းအဆိုကိုကော်မတီက အတည်ပြုပြီးနောက် နိုင်ငံတော်သမ္မတကရာထူးခန့်အပ်သည်။

တရားလွှတ်တော်ချုပ်တရားသူကြီးများ ရွေးချယ်ခန့်အပ်ပြီးနောက် တရားသူကြီးချုပ်၊ ဒုတိယတရားသူကြီးချုပ် (၂) ဦးတို့အားချန်လှပ်၍ ကျန်တရားသူကြီးများအား Chamber တရားသူကြီး (၇) ဦးအဖြစ်ခန့်အပ်သည်။ တရားမကဏ္ဍ၊ ပြစ်မှုကဏ္ဍ၊ ဘာသာရေးကဏ္ဍ၊ စစ်တပ်ကဏ္ဍနှင့် နိုင်ငံတော်စီမံခန့်ခွဲရေးကဏ္ဍစသည့် ကဏ္ဍ (၅) ခုအတွက် တရားသူကြီး (၅) ဦးက ဒုတိယတရားသူကြီးချုပ်တစ်ဦးကို တာဝန်ခံဆောင်ရွက်ရသည်။ ကျန်တရားသူကြီး (၂) ဦးမှာ တရားခွင်များကို စစ်ဆေးကြီးကြပ်ရန်အတွက် အခြားဒုတိယတရား သူကြီးချုပ်တစ်ဦးကို တာဝန်ခံဆောင်ရွက်ရသည်။ တရားလွှတ်တော်ချုပ်ဥပဒေ ပုဒ်မ ၁၁ (၁) အရ တရားလွှတ်တော်ချုပ်တရားသူကြီးများသည် အသက် (၆၅) နှစ်အထိ တာဝန်ထမ်းဆောင်နိုင် သည်။

အင်ဒိုနီးရှားနိုင်ငံသည် ဗဟိုချုပ်ကိုင်မှုလျှော့ချထားသော တစ်ပြည်ထောင်နိုင်ငံဖြစ်သဖြင့် ဗဟိုနှင့် ပြည်နယ်တရားစီရင်ရေးကြားတွင် ခွဲခြားထားခြင်းများမရှိပေ။ တရားစီရင်ရေးအဖွဲ့အစည်းများအား စီရင်ပိုင်ခွင့်အဆင့်အလိုက် တည်ထောင်ထားသည်။ အင်ဒိုနီးရှားနိုင်ငံ၏ တရားရုံးများအား အောက်ပါအတိုင်းအဆင့် (၃) ဆင့်ဖြင့် ပိုင်းခြားသတ်မှတ်ထားသည်–

(၁) ပထမအဆင့်တရားရုံးများဖြစ်သည့် **ခရိုင်တရားရုံးများ (District Courts)** အား ဒေသန္တရအုပ်ချုပ်မှုအောက်တွင်ရှိသောမြို့များ (Municipalities) ၌ တည်ထောင်ထားပြီး ယင်းတရားရုံးများတွင် အမှုများကိုကြားနာခြင်း၊ အငြင်းပွားမှုများအား ဆုံးဖြတ်ခြင်းနှင့် စီရင်ချက်ချမှတ်ခြင်းစသည့် မူလစီရင်ပိုင်ခွင့်အာဏာများရှိသည်။

(၂) ဒုတိယအဆင့်တရားရုံးများဖြစ်သည့် **တရားလွှတ်တော်များ (High Courts)** အား စီရင်စုပြည်နယ်များ (Provincial Capital) တွင် တည်ထောင်ထားပြီး ယင်းတရားရုံးများတွင် ခရိုင်တရားရုံးများမှ အယူခံမှုများကို စစ်ဆေးစီရင်ပိုင်ခွင့် ရှိသည်။

(၃) တတိယအဆင့်တရားရုံးဖြစ်သည့် **တရားလွှတ်တော်ချုပ် (Supreme Court)** အား နိုင်ငံ၏မြို့တော် (ဂျကာတာ) တွင် တည်ထောင်ထားပြီး နောက်ဆုံးအယူခံဝင်ရာ တရားရုံးဖြစ်သည်။

တရားလွှတ်တော်ချုပ်၏ လက်အောက်ခံတရားရုံးများတွင် အောက်ပါတရားရုံးများပါဝင်သည်–

"**ပြည်သူ့တရားရုံးများ (Public Courts)**" ဟုခေါ်တွင်သောတရားရုံးများတွင် ပထမအဆင့် ခရိုင်တရားရုံးများ (District Courts) နှင့် ဒုတိယအဆင့်ပြည်နယ်တရားလွှတ်တော်များ (High Courts) ပါဝင်ပြီး ၎င်းတို့နောက်တွင် အယူခံမှုအား တရားလွှတ်တော်ချုပ်သို့ တင်သွင်းရသည်။ ၎င်းတရားရုံးများသည် အင်ဒိုနီးရှားနိုင်ငံသားများနှင့် အင်ဒိုနီးရှားနိုင်ငံတွင်နေထိုင်သည့် နိုင်ငံခြားသားများ၏ ရာဇဝတ်မှုနှင့်တရားမမှုများကို စီရင်ဆုံးဖြတ်သည်။ အလားတူပင် အင်ဒိုနီးရှားနိုင်ငံတွင် အခြေစိုက်သည့် သို့မဟုတ် အင်ဒိုနီးရှားနိုင်ငံတရားရုံးတွင် စစ်ဆေးစီရင်ခြင်းကိုလိုလားသည့် အင်ဒိုနီးရှားနိုင်ငံသားများနှင့် နိုင်ငံခြားတရားဝင်လုပ်ငန်းစုများ၏ ရာဇဝတ်မှုနှင့် တရားမမှုများကိုလည်း စီရင်ဆုံးဖြတ်သည်။


"**ပထမအဆင့်ပြည်သူ့တရားရုံးများ**" ဟုခေါ်တွင်သော ခရိုင်တရားရုံးများ (District Court) တွင် အထူးတရားရုံးများကို ထည့်သွင်းဖွဲ့စည်းထားသည်။ ၎င်းတို့မှာ ကလေးသူငယ်တရားရုံးများ

(Juvenile Courts)၊ လူ့အခွင့်အရေး ဆိုင်ရာတရားရုံးများ (Human Rights Courts)၊ စက်ရုံအလုပ်ရုံဆိုင်ရာတရားရုံးများ (Industrial Relations Courts)၊ ကုန်သွယ်ရေးဆိုင်ရာတရားရုံးများ (Commercial Courts)၊ ငါးဖမ်းဆီးရေး လုပ်ငန်းဆိုင်ရာတရားရုံးများ (Fishery Courts)၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး တရားရုံးများ (Anti-Corruption Courts) ဖြစ်ကြသည်။

**ဘာသာရေးဆိုင်ရာတရားရုံးများ (Religious Courts)** သည် မွတ်စလင်လူမျိုးနိုင်ငံသားများ၏ ထိမ်းမြားလက်ထပ်ခြင်း၊ အမွေဆက်ခံခြင်းနှင့် ပိုင်ဆိုင်မှုများအား ဘာသာရေးအရ လှူဒါန်းခြင်း စသည့် ကိစ္စရပ်များအား စီရင်ဆုံးဖြတ်သည်။ သို့ရာတွင် အခြားဘာသာဝင်တို့၏ လူမှုရေးကိစ္စရပ်များကိုမူ ပြည်သူ့တရားရုံးများတွင် ကြားနာစစ်ဆေးသည်။

**နိုင်ငံ၏ စီမံခန့်ခွဲရေးဆိုင်ရာတရားရုံးများ (State Administrative Courts)** သည် ၁၉၈၆ ခုနှစ်တွင် ပြည်သူများအား အစိုးရအရာရှိများ သို့မဟုတ် အဖွဲ့အစည်းများက အတင်းအကျပ်ဖိနှိပ်မှု ပြုခြင်းမှအကာကွယ်ပေးရေးဥပဒေအရ ပေါ်ပေါက်လာခဲ့သည်။ ယင်းတရားရုံးများသည် ပြည်သူတို့၏ အကျိုးစီးပွားကို ထိခိုက်စေသော အစိုးရအရာရှိများနှင့် အဖွဲ့အစည်းများအား စစ်ဆေးစီရင်သည်။ စီမံခန့်ခွဲရေးဆိုင်ရာတရားရုံးများတွင် အထူးတရားရုံးအနေဖြင့် အခွန်တရားရုံး (The Tax Court) လည်းပါဝင်သည်။

**စစ်ဘက်ဆိုင်ရာတရားရုံးများ (Military Courts)** သည် အင်ဒိုနီးရှား အမျိုးသားလက်နက်ကိုင်တပ်ဖွဲ့ဝင်များ၏ ရာဇဝတ်မှုနှင့် စီမံခန့်ခွဲရေးဆိုင်ရာအမှုများကို စီရင်ဆုံးဖြတ်သည်။ ပထမအဆင့် စစ်ဘက်ဆိုင်ရာတရားရုံးတွင် ဗိုလ်ကြီးအဆင့်ရာထူးအောက် စစ်ဘက်ဆိုင်ရာဝန်ထမ်းများအား စစ်ဆေးစီရင်နိုင်သည့် မူလစီရင်ပိုင်ခွင့်အာဏာရှိသည်။ ဒုတိယအဆင့် စစ်ဘက်ဆိုင်ရာတရားရုံးသည် ဗိုလ်မှူးရာထူးအထက်အဆင့်ရှိသူများအား စစ်ဆေးစီရင်ပိုင်ခွင့်ရှိသည်။




**တရားရုံးများအဆင့်ဆင့်ဖွဲ့စည်းပုံ**

## (ခ)　တရားစီရင်ရေးဆိုင်ရာကော်မရှင် (Judicial Commission – Komisi Yudisial)

အင်ဒိုနီးရှားနိုင်ငံ၏ တရားလွှတ်တော်ချုပ်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးတို့အပြင် တရားစီရင်ရေးဆိုင်ရာကော်မရှင် (Judicial Commission – KY) သည်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေအပိုဒ် ၂၄ (ခ) အရဖွဲ့စည်းထားသော တရားစီရင်ရေးဆိုင်ရာ အဖွဲ့အစည်းဖြစ်သည်။ တရားစီရင်ရေးဆိုင်ရာကော်မရှင်သည် ၁၉၄၅ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ တတိယအကြိမ်ပြင်ဆင်မှုအရ ပေါ်ပေါက်လာသောအဖွဲ့အစည်းဖြစ်သည်။

၂၀၀၄ ခုနှစ် ဩဂုတ်လ ၁၃ ရက်နေ့တွင် ပြည်သူ့ကိုယ်စားပြုကောင်စီသည် တရားစီရင်ရေးဆိုင်ရာကော်မရှင်ဥပဒေ၊ ဥပဒေအမှတ် (၂၂) အားပြဋ္ဌာန်းခဲ့ပြီး ၂၀၀၅ ခုနှစ် ဇူလိုင်လတွင် တရားစီရင်ရေးဆိုင်ရာကော်မရှင်အား တည်ထောင်ခဲ့ သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၂၄ (ခ) အရ တရားစီရင်ရေးဆိုင်ရာကော်မရှင်သည် တရားလွှတ်တော်ချုပ်တရားသူကြီးများ၏ အမည်စာရင်း အဆိုပြုခွင့်နှင့် တရားသူကြီးများ၏လုပ်ဆောင်မှုများ ရိုးသားဖြောင့်မတ်မှုရှိစေရန် ကြီးကြပ်ရမည့်တာဝန်ရှိသည်။ ထို့ပြင် တရားစီရင်ရေးဆိုင်ရာကော်မရှင် ဥပဒေပုဒ်မ ၁၃ အရ တရားစီရင်ရေးဆိုင်ရာကော်မရှင်တွင် တရားလွှတ်တော်ချုပ်တရားသူကြီးများနှင့် အထူးတရားသူကြီးများ (Ad Hoc Judges) များ ခန့်အပ်ရေးအတွက် ပြည်သူ့ကိုယ်စားပြုကောင်စီသို့ အမည်စာရင်းအဆိုပြုရန်၊ တရားသူကြီးများ ရိုးသားဖြောင့်မတ်မှုမြင့်မားစေရေး ထိန်းသိမ်းဆောင်ရွက်ရန်၊ တရားသူကြီးများ

၏ ကျင့်ဝတ်သိက္ခာမြင့်မားစေရေးအတွက် တရားလွှတ်တော်ချုပ်နှင့်ပူးပေါင်း၍ ပြုစုပျိုးထောင်ရန် စသည့်တာဝန်များရှိသည်။

တရားစီရင်ရေးဆိုင်ရာကော်မရှင်အား ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌတို့ အပါအဝင် အဖွဲ့ဝင် (၇) ဦး ဖြင့် ဖွဲ့စည်းထားသည်။ ၎င်းတို့အား ပြည်သူ့ကိုယ်စားပြုကောင်စီ၏ သဘောတူညီမှုဖြင့် သမ္မတက ခန့်အပ်ခြင်း/ ထုတ်ပယ်ခြင်းများ ပြုလုပ်နိုင်သည်။ တရားစီရင်ရေးဆိုင်ရာကော်မရှင် အဖွဲ့ဝင်များ သည် တရားသူကြီးများအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ၊ ဥပဒေပညာဖြင့် အသက်မွေးဝမ်းကျောင်း ပြုသူ၊ ဥပဒေပညာရှင်စသည့် အရည်အချင်းများနှင့် ပြည့်စုံရသည်။ ကော်မရှင်အဖွဲ့ဝင်များ၏ ရာထူးသက်တမ်းမှာ (၅) နှစ်ဖြစ်သည်။

**(ဂ) ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး (Constitutional Court – Mahkamah Konstitusi)**

အင်ဒိုနီးရှားနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၂၄ (ဂ) အရဖွဲ့စည်းထားသော အထူးစီရင်ပိုင်ခွင့်အာဏာများရှိသည့် တရားစီရင်ရေး အဖွဲ့အစည်းတစ်ခုဖြစ်သည်။ အင်ဒိုနီးရှားနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရာရုံးသည် ၁၉၄၅ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအား ၂၀၀၂ ခုနှစ်တွင် စတုတ္ထအကြိမ်ပြင်ဆင်ပြီးနောက် ၂၀၁၂ ခုနှစ်၊ ဩဂုတ်လတွင် သန္ဓေတည်ပေါ်ပေါက်လာခဲ့သည်။ အဆိုပါပြင်ဆင်ခဲ့သော ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပါ "ကူးပြောင်းချိန် ကာလပြဋ္ဌာန်းချက်များ" အပိုဒ် ၃ တွင် "ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး အား ၂၀၀၃ ခုနှစ်၊ ဩဂုတ်လ (၁၇) ရက်နေ့တွင် နောက်ဆုံးထားဖွဲ့စည်းရန်နှင့် ဖွဲ့စည်း၍ မပြီးသေး မီဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ တာဝန်ဝတ္တရားများအား တရားလွှတ်တော်ချုပ်မှ တာဝန်ယူဆောင်ရွက်ရန်" ဟု ဖော်ပြထားသည်။

၁၉၄၅ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်ရေးဆွဲပြီးနောက် အခြေခံကျသောဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ပြောင်းလဲမှုများ ပေါ်ပေါက်လာခဲ့သည်။ အစိုးရအဖွဲ့အစည်းများအကြား အာဏာခွဲဝေကျင့်သုံးမှုများမှာလည်း ပြောင်းလဲဖြစ်ပေါ်လာခဲ့သည်။ လူ့အခွင့်အရေးနှင့် ပတ်သက် ၍လည်း ပြင်ဆင်ရေးဆွဲခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းဖော်ပြခဲ့သည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ စီရင်ဆုံးဖြတ်မှုနှင့် စပ်လျဉ်းသော စီရင်ပိုင်ခွင့်အာဏာအား တရားစီရင်ရေး အဖွဲ့အစည်းအသစ်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးအား အပ်နှင်းထားသည်။ တရားဥပဒေစိုးမိုးရေးအတွက် ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေသည် အမြင့်ဆုံးဥပဒေ ဖြစ်သည်။ ဥပဒေအရအခွင့်အရေးများကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းထားရာ ပြဋ္ဌာန်း ဥပဒေများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ/ မရှိ၊ နိုင်ငံတော်အဖွဲ့အစည်းများ အကြားအငြင်းပွားမှုများကို တရားရုံးက အဆုံးအဖြတ်ပေးရာတွင် ဥပဒေနှင့် ညီ/ မညီတို့ပါဝင်

သည်။ သို့ဖြစ်ရာ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် အသစ်ဖွဲ့စည်းသော တရားစီရင်ရေးဆိုင်ရာအဖွဲ့အစည်းဖြစ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၂၄ (ဂ) နှင့် ၂၀၁၄ ခုနှစ် ဥပဒေအမှတ် (၂၄)၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဥပဒေ (၂၀၁၁ ခုနှစ်ထိပြင်ဆင်ပြီး) ပုဒ်မ ၁၈ တို့အရ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးကို တရားသူကြီး (၉) ဦးဖြင့် ဖွဲ့စည်းထားသည်။ ၎င်းတို့အနက် (၃) ဦးအား သမ္မတက လည်းကောင်း၊ (၃) ဦးအား တရားလွှတ်တော်ချုပ်ကလည်းကောင်း၊ ကျန် (၃) ဦးအား ပြည်သူ့ကိုယ်စားပြုကောင်စီကလည်းကောင်း ခန့်အပ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး ဥပဒေ ပုဒ်မ ၄ (၃) အရ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး တရားသူကြီးချုပ်နှင့် ဒုတိယတရားသူကြီးချုပ်တို့အား ရာထူးသက်တမ်း (၂) နှစ်နှင့် (၆) လအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးတရားသူကြီးများက ရွေးချယ်ပြီး ၎င်းတို့သည် နောက်တစ်ကြိမ်သက်တမ်းအတွက် ထပ်မံရွေးချယ်ခံနိုင်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဥပဒေ ပုဒ်မ ၁၅ အရ တရားသူကြီးများ၏ လိုအပ်သောအရည်အချင်းများမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) ဂုဏ်သိက္ခာကြီးမားမှုနှင့် ထူးခြားသော ပင်ကိုယ်အရည်အသွေးရှိသူဖြစ်ခြင်း၊

(၂) သမာသမတ်ရှိသူ ဖြစ်ခြင်း၊

(၃) လုံလောက်သော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ဗဟုသုတနှင့် နိုင်ငံတော်စီမံခန့်ခွဲမှုဆိုင်ရာ ဗဟုသုတရှိသူ ဖြစ်ခြင်း၊

(၄) အင်ဒိုနီးရှားနိုင်ငံသား ဖြစ်ခြင်း၊

(၅) အဆင့်မြင့်ဥပဒေပညာရေးကို အခြေခံ၍ မဟာဘွဲ့နှင့်ပါရဂူဘွဲ့ရရှိသူဖြစ်ခြင်း၊

(၆) ခန့်အပ်ခံရချိန်တွင် အနည်းဆုံး အနည်းဆုံးအသက် (၄၇) နှစ်ပြည့်ပြီး အသက် (၆၅) ထက်မကြီးသူဖြစ်ခြင်း၊

(၇) လုပ်ငန်းတာဝန်များကို ကိုယ်ရောစိတ်ပါ စွမ်းဆောင်လိုသူဖြစ်ခြင်း၊

(၈) မှတ်တမ်းကျန်ရှိမည့် တရားရုံး၏စီရင်ချက်ဖြင့် ရာဇဝတ်မှုထောင်ဒဏ် ကျခံဖူးသူ မဟုတ်ခြင်း၊

(၉) တရားရုံး၏ ဆုံးဖြတ်ချက်ဖြင့် ဒေဝါလီခံခဲ့ရဖူးသူ မဟုတ်ခြင်း၊

(၁၀) ဥပဒေနယ်ပယ်တွင် သို့မဟုတ် နိုင်ငံတော်အာဏာပိုင်အဖွဲ့အစည်းတွင် အနည်းဆုံး (၁၅) နှစ် အတွေ့အကြုံရှိသူဖြစ်ခြင်း။

၂၀၀၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဥပဒေပုဒ်မ ၁၇ အရ တရားသူကြီးများသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၌ တာဝန်ထမ်းဆောင်နေစဉ်အတွင်း အခြားအစိုးရရုံးဌာနများတွင် တာဝန်ထမ်းဆောင်ခြင်း၊ နိုင်ငံရေးပါတီများ၏အဖွဲ့ဝင်ဖြစ်ခြင်း၊ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခြင်း၊ ရှေ့နေရှေ့ရပ်လုပ်ငန်းများလုပ်ကိုင်ခြင်း၊ ပြည်သူ့ဝန်ထမ်းအဖြစ်လုပ်ကိုင်ခြင်းတို့ကို တားမြစ်ထားသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဥပဒေပုဒ်မ ၂၂ အရတရားသူကြီးများ၏ သက်တမ်းမှာ (၅) နှစ်ဖြစ်ပြီး နောက်ထပ်သက်တမ်းတစ်ကြိမ်ထပ်မံရွေးချယ်ခံပိုင်ခွင့်ရှိသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး ဥပဒေ ပုဒ်မ ၂၈ (၁) အရ အင်ဒိုနီးရှားနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးတွင် အဖွဲ့တစ်ခုတည်းသာရှိပြီး အဆိုပါအဖွဲ့တွင် အမှုကြားနာ၊ ရုံးထိုင်စစ်ဆေးရန်နှင့် ဆုံးဖြတ်ချက်ချမှတ်ရန် တရားသူကြီး (၉) ဦးစုံညီစွာပါဝင်သည်။ ထူးခြားသော အခြေအနေမျိုးရှိပါက အနည်းဆုံး တရားသူကြီး (၇) ဦး တက်ရောက်၍ အမှုကို ကြားနာစစ်ဆေးဆုံးဖြတ်နိုင်သည်။

**ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ စီရင်ပိုင်ခွင့်အာဏာ**

ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၂၄ (ဂ) နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး ဥပဒေပုဒ်မ ၁၀ (၁) တွင် ပြဋ္ဌာန်းထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ စီရင်ပိုင်ခွင့်အာဏာများမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်သော ဥပဒေများကို စိစစ်သုံးသပ်ခြင်း၊

(၂) အစိုးရအဖွဲ့အစည်းများအား ဖွဲ့စည်းပုံအခြေခံဥပဒေက ပေးအပ်ထားသော လုပ်ပိုင်ခွင့်အာဏာနှင့် စပ်လျဉ်းသည့် အငြင်းပွားမှုကို ဖြေရှင်းပေးခြင်း၊

(၃) နိုင်ငံရေးပါတီများဖျက်သိမ်းခြင်းနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များအပေါ် အဆုံးအဖြတ်ပေးခြင်း၊

(၄) အထွေထွေရွေးကောက်ပွဲဆိုင်ရာရလဒ်များနှင့် စပ်လျဉ်းသည့် အငြင်းပွားမှုများကို အဆုံးအဖြတ်ပေးခြင်း။

အထက်ဖော်ပြပါ စီရင်ပိုင်ခွင့် (၄) ရပ်အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဥပဒေပုဒ်မ ၁၀ (၂) အရ အင်ဒိုနီးရှားနိုင်ငံသမ္မတနှင့် ဒုတိယသမ္မတတို့အပေါ် စွပ်စွဲပြစ်တင်မှုများနှင့် စပ်လျဉ်းသည့် လုပ်ငန်းစဉ်များအတွက် ဖြေရှင်းဆောင်ရွက်ပေးရန် တာဝန်ရှိသည်။ အင်ဒိုနီးရှားနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်သောဥပဒေများအား ပြန်လည်သုံးသပ်ရန် (Constitutional Review) အတွက် စီရင်ပိုင်ခွင့်အာဏာရှိသကဲ့သို့ ဥပဒေများသည် လူ့အခွင့်အရေးကို ချိုးဖောက်မှု ရှိ/ မရှိ ဖွဲ့စည်းပုံ အခြေခံဥပဒေ

ဆိုင်ရာဥပဒေနှင့်အညီ သုံးသပ်ရာတွင်လည်း အခြေခံကျသောအဖွဲ့အစည်းတစ်ခု ဖြစ်သည်။ ထို့မျှသာမက ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် လူ့အခွင့်အရေးနှင့် ပတ်သက်သော အပြည်ပြည်ဆိုင်ရာ ဥပဒေရေးရာစာချုပ်စာတမ်းများ အတည်ပြုလက်မှတ်ရေးထိုးခြင်းများကိုလည်း စိစစ်ရသည်။ ၂၀၀၃ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဥပဒေ ပုဒ်မ ၁၀ (၁) ပါ ပြဋ္ဌာန်းချက်အရ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်ပြီး ဥပဒေအရ စည်းနှောင်အားရှိသော မီးသေဆုံးဖြတ်ချက်တစ်ရပ်ဖြစ်သည်။

ယင်းပြဋ္ဌာန်းချက်နှင့်စပ်လျဉ်း၍ အင်ဒိုနီးရှားနိုင်ငံရှိ ဥပဒေရေးရာ လေ့လာသုံးသပ်သူများ (Legal Researchers) အကြားတွင် ဂယက်ရိုက်ခတ်ခဲ့သည့်အမှုတစ်ခုမှာ ၂၀၁၃ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံတရားလွှတ်တော်ချုပ်က ဆုံးဖြတ်ခဲ့သည့် Dr. Bambang ၏အမှုဖြစ်သည်။ အမှုဖြစ်အကြောင်းခြင်းရာမှာ ၂၀၀၈ ခုနှစ်တွင် အရှေ့ဂျာဗားကျွန်း Madiun မြို့ရှိ Dinas Kesehatan Tentara စစ်ဆေးရုံတွင် ခွဲစိတ်ဆရာဝန် အဖြစ်တာဝန်ထမ်းဆောင်နေသော Dr. Bambang အား ၎င်း၏လူနာက ဆေးလက်မှတ်ကိစ္စနှင့်စပ်လျဉ်း၍ ရဲထံတိုင်ကြားခဲ့သည်။ Bambang အား Madiun ခရိုင်တရားရုံးတွင် စစ်ဆေးပြီးနောက် တရားရုံးက တရားရှင်လွှတ်ပေးခဲ့သည်။ သို့သော် ၂၀၁၃ ခုနှစ် အောက်တိုဘာလတွင် တရားလွှတ်တော်ချုပ်က ယင်းအမှုနှင့်စပ်လျဉ်း၍ အစိုးရရှေ့နေ တင်သွင်းလာသည့် အယူခံလျှောက်လွှာအား လက်ခံခဲ့သည်။ ထို့နောက်တရားလွှတ်တော်ချုပ်က Bambang သည် လူနာအား ဆေးလက်မှတ်မပါရှိဘဲ ဆေးအသုံးပြုစေခြင်းနှင့် ဆေးကုသမှုကို ပညာရှင်ကျင့်ဝတ်နှင့်အညီ မဆောင်ရွက်ခြင်းစသည့် ၂၀၀၄ ခုနှစ် ဆေးကုသခြင်းဆိုင်ရာဥပဒေ (Medical Practice Law) ပုဒ်မ ၇၆ နှင့် ၇၉ တို့ကိုချိုးဖောက်ကြောင်း သက်သေထင်ရှား၍ Bambang အား ထောင်ဒဏ် (၁) နှစ်နှင့် (၆) လ ချမှတ်ခဲ့သည်။ Bambang အား ထောင်ဒဏ်ချမှတ်ခြင်းနှင့် စပ်လျဉ်း၍ ယခင်ကဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ စီရင်ဆုံးဖြတ်ချက်နှင့် ဆန့်ကျင်ကွဲလွဲနေသည်ကို လေ့လာတွေ့ရှိရပါသည်။

လွန်ခဲ့သော (၆) နှစ်ကြာကာလ ၂၀၀၇ ခုနှစ် ဇွန်လတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် ယင်းပုဒ်မများနှင့် စပ်လျဉ်း၍ ထောင်ဒဏ်ချမှတ်သည့် ပြဋ္ဌာန်းချက်အား ပယ်ဖျက်ခဲ့ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက ထုံးဖွဲ့ခဲ့သည်မှာ "ယင်းပြဋ္ဌာန်းချက်ပါ ရာဇဝတ် ပြစ်ဒဏ် ချမှတ်ခြင်းအကျိုးကြောင့် မိမိကိုယ်ကိုမလုံခြုံမှုနှင့် ထိတ်လန့်မှုတို့ကို ခံစားရစေနိုင်သည်။ ထို့ကြောင့် ဤပုဒ်မများကို ကျူးလွန်သောဆရာဝန်များအား ထောင်ဒဏ်အစား ငွေဒဏ်သာထိုက်သင့်စေရမည်" ဟူ၍ ဖြစ်သည်။ Bambang ၏အမှုအရ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ချက်သည် အာဏာသက်ရောက်မှုမရှိသော သဘောဖြစ်ကြောင်း အင်ဒိုနီးရှားနိုင်ငံရှိ ဥပဒေပညာရှင်များက သုံးသပ်ကြသည်။ အမြင့်ဆုံးသော တရားစီရင်ရေးဆိုင်ရာ

စီရင်ဆုံးဖြတ်ချက်နှင့် အင်ဒိုနီးရှားနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ စီရင်ချက်အာဏာသက်ရောက်မှုတို့အကြား ပဋိပက္ခပေါ်ပေါက်ခြင်း ဖြစ်ပါသည်။

အလားတူပင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းမရှိကြောင်း ကြေညာထားသည့် ဥပဒေပြဋ္ဌာန်းချက်များအား ဥပဒေဆိုင်ရာအဖွဲ့အစည်းများက ဆက်လက်အသုံးပြုဆောင်ရွက်နေသည့် ကိစ္စရပ်များလည်းရှိသည်။ သာဓကအနေဖြင့် ၂၀၀၄ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် "၂၀၀၃ ခုနှစ်တရားလွှတ်တော်ရှေ့နေများဆိုင်ရာဥပဒေ ပုဒ်မ ၃၁ သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းမရှိကြောင်း"[1] ဆုံးဖြတ်ခဲ့သည်။ သို့သော် ၂၀၀၈ ခုနှစ်တိုင်အောင် သက်ဆိုင်ရာဥပဒေအဖွဲ့အစည်းများက ယင်းပုဒ်မအား ဆက်လက်သုံးစွဲလျက်ရှိသည်။[2]

အခြားအမှုတစ်မှုမှာ ၂၀၁၃ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက "ရာဇဝတ်မှုတစ်ခုအား တစ်ကြိမ်ထက်ပို၍ ပြန်လည်သုံးသပ်သင့်ကြောင်း"[3] ဆုံးဖြတ်ခဲ့သည်။ သို့သော် ၂၀၁၄ ခုနှစ်တွင် တရားလွှတ်တော်ချုပ်က "ရာဇဝတ်မှုတစ်မှုအား တစ်ကြိမ်သာ ပြန်လည်သုံးသပ်သင့်ကြောင်း"[4] ဆုံးဖြတ်ခဲ့သည်။

၂၀၀၆ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက "အစိုးရရှေ့နေများသည် ရာဇဝတ်မှုများအတွက် တရားရုံသို့ ပြန်လည်သုံးသပ်ပေးစေလိုမှု လျှောက်ထားခွင့်မရှိကြောင်း"[5] ဆုံးဖြတ်ခဲ့သည်။ သို့သော် နိုင်ငံတော်ရှေ့နေချုပ်က အစိုးရရှေ့နေများအား ပြန်လည်သုံးသပ်ပေးစေလိုမှု ဆက်လက်လျှောက်ထားရန် ညွှန်ကြားခဲ့သည်။

အထက်ဖော်ပြပါအမှုများနှင့်စပ်လျဉ်း၍ အင်ဒိုနီးရှားနိုင်ငံရှိ ဥပဒေကျွမ်းကျင်သူများက ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ချက်များ ပိုမိုအာဏာသက်ရောက်မှုရှိစေရန် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ချက်များကို သက်ဆိုင်ရာဥပဒေပြုအဖွဲ့အစည်းများက နည်းဥပဒေသစ်များအနေဖြင့် ပြဋ္ဌာန်းပေးသင့်ကြောင်း သုံးသပ်ကြသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး ဥပဒေ ပုဒ်မ ၁၀ (၁) အရ ရွေးကောက်ပွဲရလဒ်အငြင်းပွားမှုများကိုလည်း ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးမှ ကိုင်တွယ်ဖြေရှင်းရပါသည်။ ၂၀၁၄ ခုနှစ် လွှတ်တော်ရွေးကောက်ပွဲများအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့ တင်သွင်းသည့် အမှုပေါင်း ၉၁၄ မှုရှိခဲ့သော်လည်း ၂၁၇ မှုသည် အချက်အလက်ပြည့်စုံမှုမရှိသည့်

[1] https://mkri.id/public/content/persidangan/putusan/Putusan006PUUII2004rev91204.pdf
[2] https://www.hukumonline.com/berita/a/masih-ada-lbh-kampus-yang-dilarang-berpraktek-hol19342
[3] https://mkri.id/public/content/persidangan/putusan/putusan_sidang_1651_34%20PUU%202013-telahucap-6Maret2014.pdf
[4] http://bawas.mahkamahagung.go.id/bawas_doc/doc/sema_07_2014.pdf
[5] http://repository.unika.ac.id/16329/7/13.20.0075%20Vania%20Dewi%20Christant.LAMPIRAN.pdf

အတွက် ပယ်ချခဲ့ပါသည်။ ကျန်ရှိသည့်အမှု ၆၉၇ မှုအနက် ၂၁ မှုသာ လျှောက်ထားသူဘက်မှ အနိုင်ရရှိခဲ့ပါသည်။ အဆိုပါအရေအတွက်သည် ၂၀၀၉ ခုနှစ်တွင် လျှောက်ထားသူဘက်မှ ၁၀ ရာခိုင်နှုန်း အနိုင်ရရှိခဲ့သည့် အရေအတွက်နှင့်နှိုင်းယှဉ်ပါက လျော့နည်းသည်ကို တွေ့ရှိရပါသည်။ ၂၀၁၄ ခုနှစ် သမ္မတရွေးကောက်ပွဲရလဒ်နှင့်စပ်လျဉ်း၍ တင်သွင်းသည့် အမှု ၁ မှုသာရှိခဲ့ပြီး လျှောက်ထားသူဘက်မှရှုံးနိမ့်ခဲ့ပါသည်။

## ၉။ ၁၉၄၅ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေအရ အပြန်အလှန်ထိန်းကျောင်းခြင်းယန္တရား (Checks and Balances) အပေါ်လေ့လာတွေ့ရှိချက်

၁၈ ရာစု ပြင်သစ်အတွေးခေါ်ပညာရှင် Montesquieu ၏ "အာဏာခွဲဝေကျင့်သုံးခြင်း (Seperation of Powers)" မူနှင့်အညီ နိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေများသည် အစိုးရအဖွဲ့ကို ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် တရားစီရင်ရေးမဏ္ဍိုင်ဟူ၍ မဏ္ဍိုင်သုံးရပ် ပိုင်းခြားထားစေပါသည်။ အပြန်အလှန်ထိန်းကျောင်းခြင်း (Checks and Balances) သဘောတရား၏ အဓိကရည်ရွယ်ချက်မှာ မဏ္ဍိုင်တစ်ခုတည်းက အာဏာအားလုံးကို ချုပ်ကိုင်ထားခြင်းမရှိစေရေးနှင့် မဏ္ဍိုင်အသီးသီး၏အာဏာသုံးစွဲမှု လွန်ကဲခြင်းမရှိစေရေးတို့အတွက် ဖြစ်ပါသည်။

အင်ဒိုနီးရှားသမ္မတနိုင်ငံ၏ ၁၉၄၅ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံ၏အစိုးရအဖွဲ့ ဖွဲ့စည်းတည်ဆောက်မှုအတွက် အခြေခံအုတ်မြစ်ဖြစ်ပါသည်။ အဆိုပါ ၁၉၄၅ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် မြန်မာနိုင်ငံ၏ ၂၀၀၈ ခုနှစ် ဖွဲစည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၁၊ "အာဏာ သုံးရပ်ခွဲဝေခြင်းနှင့် အပြန်အလှန်ထိန်းကျောင်းခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်" ကဲ့သို့သောပြဋ္ဌာန်းချက် အားအတိအကျထည့်သွင်း ပြဋ္ဌာန်းထားခြင်းမရှိသော်လည်း ဥပဒေပြုရေးအာဏာအား ဖွဲ့စည်းပုံ အခြေခံဥပဒေ အပိုဒ် ၂၀ အရ ပြည်သူ့ကိုယ်စားပြုကောင်စီထံတွင်လည်းကောင်း၊ အုပ်ချုပ်ရေး အာဏာအား ဖွဲ့စည်းပုံအခြေခံ ဥပဒေ အပိုဒ် ၄ အရ သမ္မတထံတွင်လည်းကောင်း၊ တရားစီရင်ရေး အာဏာအား ဖွဲ့စည်းပုံအခြေခံ ဥပဒေ အပိုဒ် ၂၄ အရ တရားလွှတ်တော်ချုပ်နှင့် ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာတရားရုံးတို့ထံတွင်လည်းကောင်း အသီးသီးခွဲဝေအပ်နှင်းထားပါသည်။

အင်ဒိုနီးရှား သမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေအရ ဥပဒေပြုရေးမဏ္ဍိုင်ဖြစ်သော ပြည်သူ့ ကိုယ်စားပြုကောင်စီနှင့် အုပ်ချုပ်ရေးမဏ္ဍိုင်ဖြစ်သော သမ္မတတို့တွင် ဥပဒေမူကြမ်းများ အဆိုပြုခွင့် ရှိပြီး ယင်းဥပဒေများကို ၎င်းမဏ္ဍိုင် (၂) ရပ် ပူးတွဲသဘောတူညီမှု (Joint Approval) ရယူ၍ အတည်ပြုပြီးမှ ထုတ်ပြန်ပါသည်။ ဥပဒေပြုရေးမဏ္ဍိုင်ဖြစ်သော ပြည်သူ့ကိုယ်စားပြုကော်မတီ သည် သမ္မတ၏ ရာထူးခန့်အပ်အဆိုပြုမှုများကို အတည်ပြုပေးရန်နှင့် ဘတ်ဂျတ်သုံးစွဲမှုကို ထိန်းချုပ်ရန် အာဏာရှိပြီး သမ္မတနှင့်ဒုတိယသမ္မတအား စွပ်စွဲပြစ်တင်သည့်အဆိုကို တရားစီရင် ရေးမဏ္ဍိုင်ဖြစ်သော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ သဘောထားနှင့်အတူ ပြည်သူ့

အတိုင်ပင်ခံညီလာခံသို့ တင်သွင်းကာ ရာထူးမှဖယ်ရှားပိုင်ခွင့်လည်းရှိသည်။ တရားလွှတ်တော်ချုပ်တရားသူကြီးများအား တရား စီရင်ရေးဆိုင်ရာကော်မရှင်၏ အဆိုပြုချက်ဖြင့် သမ္မတကခန့်အပ်ပေးရပါသည်။ ထို့အတူ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ တရားသူကြီးများအား သမ္မတ၊ ပြည်သူ့ကိုယ်စားပြုကောင်စီနှင့် တရားလွှတ်တော်ချုပ်တို့က အသီးသီးရွေးချယ်၍ သမ္မတက ခန့်အပ်ပေးရပါသည်။ သို့သော် ဖွဲ့စည်းပုံ အခြေခံဥပဒေ အပိုဒ် ၇ (၈) အရ သမ္မတသည် ပြည်သူ့ကိုယ်စားပြုကောင်စီအား ဖျက်သိမ်းခြင်းမပြုနိုင်ပေ။ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးမဏ္ဍိုင်များအကြား အပြန်အလှန်ထိန်းကျောင်းမှုစနစ် ပိုမိုကောင်းမွန်စေသည့်အချက်မှာ ဥပဒေပြုကောင်စီက ပြဋ္ဌာန်းသည့်ဥပဒေများအား ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ/မရှိ ပြန်လည်သုံးသပ်မှု (Constitutional Review) ပြုလုပ်နိုင်သော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးနှင့် ပြဋ္ဌာန်းဥပဒေများအရ အုပ်ချုပ်ရေးအာဏာပိုင်များက (Subordinate Legislation) တစ်ဆင့်ခံဥပဒေပြုသည့် နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများသည် မူရင်းဥပဒေများနှင့် ဆန့်ကျင်ခြင်းရှိ/မရှိ ပြန်လည်သုံးသပ်မှု (Judicial Review) ပြုလုပ်နိုင်သောတရားလွှတ်တော်ချုပ်တို့ တည်ထောင်ထားခြင်းပင် ဖြစ်ပါသည်။

အင်ဒိုနီးရှားသမ္မတနိုင်ငံသည် ၁၉၄၅ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ လွှတ်တော်နှစ်ရပ်ရှိသောဥပဒေပြုရေး (Bicameral Legislature) စနစ်ကိုကျင့်သုံးသောနိုင်ငံ ဖြစ်ပါသည်။ သို့ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၂၀ (၁) ပါ "ပြည်သူ့ကိုယ်စားပြုကောင်စီသည် ဥပဒေပြုရေးအာဏာကို ကျင့်သုံးဆောင်ရွက်သည်" ဟူသောပြဋ္ဌာန်းချက်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအပိုဒ် ၂၂ (ဃ) (၁) ပါ "ဒေသကိုယ်စားပြုကောင်စီသည် ဥပဒေမူကြမ်းများအား ပြည်သူ့ကိုယ်စားပြုကောင်စီထံ အဆိုပြုခွင့်ရှိသည်" ဟူသောပြဋ္ဌာန်းချက်တို့အရ ဥပဒေပြုရေးအာဏာသည် ပြည်သူ့ကိုယ်စားပြုကောင်စီထံတွင်သာ အပြည့်အဝရှိပြီး လွှတ်တော်နှစ်ရပ်ကြားတွင် အာဏာခွဲဝေခြင်းညီမျှမှု မရှိကြောင်းတွေ့ရှိရပါသည်။ ထို့ကြောင့် အင်ဒိုနီးရှားသမ္မတနိုင်ငံ၏ လွှတ်တော်နှစ်ရပ်ရှိသော ဥပဒေပြုရေးစနစ် (Bicameral Legislature) သည် ပုံစံမပြည့်ဝသော လွှတ်တော်နှစ်ရပ်ရှိသည့် ဥပဒေပြုရေးဖြစ်ကြောင်း သုံးသပ်ရရှိပါသည်။ အုပ်ချုပ်ရေးကဏ္ဍတွင် ဒေသဆိုင်ရာအာဏာပိုင်များသို့ အာဏာခွဲဝေမှုနှင့်စပ်လျဉ်း၍ ၁၉၉၉ ခုနှစ်တွင် ဒေသဆိုင်ရာအုပ်ချုပ်ရေးဥပဒေ၊ ဥပဒေအမှတ် ၂၂ (Law No. 22/ 1999 Concerning Regional Administration) အားပြဋ္ဌာန်းခဲ့ပြီး ယင်းဥပဒေအရ ဒေသဆိုင်ရာအာဏာပိုင်များသည် နိုင်ငံခြားရေး၊ ကာကွယ်ရေး၊ ဘဏ္ဍာရေး၊ တရားစီရင်ရေးနှင့် ဘာသာရေးကဏ္ဍများမှအပ အခြားကဏ္ဍများအား အပြည့်အဝစီမံဆောင်ရွက်ခွင့်ရရှိခဲ့ပါသည်။ နိုင်ငံခြားရေး၊ ကာကွယ်ရေး၊ ဘဏ္ဍာရေး၊ တရားစီရင်ရေးနှင့် ဘာသာရေးကဏ္ဍများကိုမူ ဗဟိုအစိုးရသာလျှင် စီမံဆောင်ရွက်ခွင့်ရှိပါသည်။ ထို့ကြောင့် ဒေသအသီးသီးသို့ အာဏာခွဲဝေခြင်းကဏ္ဍတွင် အင်ဒိုနီးရှားသမ္မတနိုင်ငံသည် တစ်ပြည်ထောင်နိုင်ငံ (Unitary State) ဖြစ်သော်လည်း

ဗဟိုအစိုးရ၏ချုပ်ကိုင်မှုများအား တတ်နိုင်သမျှလျှော့ချထားသော (Decentralized Government System) ကိုကျင့်သုံးသည့်နိုင်ငံဖြစ်ကြောင်း တွေ့ရှိရပါသည်။

ဤနည်းအားဖြင့် ၁၉၄၇ ခုနှစ် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် မဏ္ဍိုင်များအပြန်အလှန်ထိန်းကျောင်းမှု အားကောင်းရန် ထည့်သွင်းပြဋ္ဌာန်းထားပါသည်။ မဏ္ဍိုင် (၃) ရပ်ရှိ တာဝန်ရှိသူတို့အား မည်သို့ပင်ရွေးချယ်ခန့်ထားစေကာမူ ၎င်းတို့သည် အသီးသီးသောအာဏာများကိုကျင့်သုံးဆောင်ရွက်ရာတွင် မဏ္ဍိုင်တစ်ခုနှင့် ဝင်ရောက်စွက်ဖက်မှုမရှိဘဲ လွတ်လပ်အမှီခိုကင်းစွာ ဆောင်ရွက်နိုင်သဖြင့် (Seperation of Powers) မူသဘောတရားနှင့်လည်း ကိုက်ညီကြောင်းတွေ့ရှိရသကဲ့သို့ အချို့သောကိစ္စရပ်များတွင် မဏ္ဍိုင်တစ်ခုနှင့်တစ်ခု ညှိနှိုင်းဆောင်ရွက်မှု (Coordination Method) နှင့် ကျင့်သုံးဆောင်ရွက်ခြင်းကြောင့် ပိုမိုထိရောက်သော အကောင်အထည်ဖော်မှုကိုလည်း တွေ့ရပါသည်။ သို့ဖြစ်ရာ အာဏာခွဲဝေကျင့်သုံးခြင်း (Seperation of Powers) သည် မဏ္ဍိုင်တစ်ခုချင်းအလိုက် သီးခြားခွဲခြမ်းခြင်း (Isolation) မူ သဘောမျိုးမဟုတ်ဘဲ အမျိုးသားနိုင်ငံရေးအတွက် အပြုသဘောဆောင်သော ညှိနှိုင်းဆောင်ရွက်မှုရှိကြပြီး မူလမဏ္ဍိုင်ကြီးဖြစ်သော ဖွဲ့စည်းပုံအခြေခံဥပဒေကိုအခြေပြု၍ မဏ္ဍိုင်တစ်ခုနှင့်တစ်ခု အာဏာလွန်ကဲစွာကျင့်သုံးမှုမရှိစေရန် အပြန်အလှန်ထိန်းကျောင်းခြင်းယန္တရား (Checks and Balances Mechanism) ကိုဖော်ဆောင်နေကြောင်း သုံးသပ်ရရှိပါသည်။

## ၁၀။ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းဆိုင်ရာပြဋ္ဌာန်းချက်

ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၃၇ အရ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရန် အဆိုပြုချက်အား ပြည်သူ့အတိုင်ပင်ခံညီလာခံ ကိုယ်စားလှယ်အရေအတွက်စုစုပေါင်း၏ အနည်းဆုံး ၃ ပုံ ၁ ပုံက တင်သွင်းလာလျှင် ယင်းအဆိုပြုချက်ကို ပြည်သူ့အတိုင်ပင်ခံညီလာခံ အစည်းအဝေး အစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရမည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရန် အဆိုပြုချက်အား စာဖြင့်ရေးသားတင်သွင်းရမည်ဖြစ်ပြီး မည်သည့်အပိုဒ်အားပြင်ဆင်လိုသည်၊ မည်သည့်အတွက်ကြောင့်ပြင်ဆင်လိုသည် စသည်တို့ကို ရှင်းလင်းစွာရေးသား ဖော်ပြရမည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရန်အတွက် ပြည်သူ့အတိုင်ပင်ခံညီလာခံသို့ ကိုယ်စားလှယ်စုစုပေါင်းအရေအတွက်၏ ၃ ပုံ ၂ ပုံ အစည်းအဝေး တက်ရောက်ရမည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရန် ဆုံးဖြတ်ချက်အား ပြည်သူ့အတိုင်ပင်ခံညီလာခံကိုယ်စားလှယ် စုစုပေါင်း၏ ၅၁ ရာခိုင်နှုန်း၏ သဘောတူညီမှုဖြင့် ချမှတ်ရမည်။ အင်ဒိုနီးရှားသမ္မတနိုင်ငံ၏ တစ်ပြည်ထောင်နိုင်ငံ (Unitary State) အဖြစ် ဖွဲ့စည်းမှုနှင့်စပ်လျဉ်းသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကိုမူ ပြင်ဆင်ခြင်းမပြုနိုင်ပေ။

**နိဂုံး**

အင်ဒိုနီးရှားသမ္မတနိုင်ငံသည် ၁၉၄၅ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေအရ စစ်မှန်သော သမ္မတစနစ်ကျင့်သုံးသည့် တစ်ပြည်ထောင်နိုင်ငံ ဖြစ်ပါသည်။ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံ၏ အာဏာ (၃) ရပ်ဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို အဖွဲ့အစည်း (၃) ရပ်သို့ ခွဲဝေအပ်နှင်းထားပြီး အာဏာကို ပိုင်းခြားကျင့်သုံးခြင်း၊ ယင်းအဖွဲ့အစည်း (၃) ရပ်သည် ၎င်းတို့၏ တာဝန်များကို အသီးသီး အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မည်သည့်လွှမ်းမိုး စွက်ဖက်မှုမျှမရှိဘဲ လွတ်လပ်စွာ ဆောင်ရွက်ခွင့်ရှိသကဲ့သို့ အာဏာကိုလွန်ကဲစွာကျင့်သုံးမှု မရှိစေရန်အတွက်လည်း အပြန်အလှန်ထိန်းကျောင်းခြင်း (Checks and Balances) ကိုကျင့်သုံးပြဋ္ဌာန်းထားခြင်း၊ အပြန်အလှန်ထိန်းကျောင်းခြင်း ပိုမိုအားကောင်းစေသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးတစ်ရုံးတည်ထောင်ရန် ပြဋ္ဌာန်းထားခြင်း၊ နိုင်ငံသားနှင့်လူ့အခွင့်အရေးကဏ္ဍနှင့်စပ်လျဉ်း၍ သီးခြားအခန်းတစ်ခန်းဖြင့် ပြဋ္ဌာန်းထားခြင်းစသည်ဖြင့် ပြည့်စုံခိုင်မာစွာရေးသားပြဋ္ဌာန်းထားသည့်အတွက် ကောင်းမွန်သော ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ခုဖြစ်ပါသည်။ ထို့ပြင် ၁၉၄၅ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် “တစ်ပြည်ထောင်နိုင်ငံဖွဲ့စည်းပုံ (Unitary State)” ပြဋ္ဌာန်းချက်ကိုသာလျှင် ပြင်ဆင်၍မရသော ပြဋ္ဌာန်းချက် (Unamendable Provision) အဖြစ်ပြဋ္ဌာန်းထားခြင်းမှအပ ဖွဲ့စည်းပုံအခြေခံဥပဒေအား ပြင်ဆင်လိုလျှင် ပြည်သူ့အတိုင်ပင်ခံညီလာခံ ကိုယ်စားလှယ်ဦးရေစုစုပေါင်း၏ ၃ ပုံ ၂ ပုံက ညီလာခံအစည်းအဝေးတက်ရောက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်မည့်ဆုံးဖြတ်ချက်အား ပြည်သူ့အတိုင်ပင်ခံညီလာခံကိုယ်စားလှယ်စုစုပေါင်း၏ ၅၁ ရာခိုင်နှုန်းသော သဘောတူညီမှုဖြင့် ဆုံးဖြတ်ချက်ချမှတ်ပြင်ဆင်နိုင်သဖြင့် ပြင်ဆင်ရန်လွယ်ကူသော ဖွဲ့စည်းပုံအခြေခံဥပဒေ (Flexible Constitution) အဖြစ် သုံးသပ်တွေ့ရှိရပါကြောင်း လေ့လာတင်ပြပါသည်။

## ကိုးကားသည့်ဥပဒေများ

၁။ The 1945 Constitution of the Republic of Indonesia

၂။ Law No. 8 of 2012 On General Election of The Members of The House of Representatives, People's Representative Council, And Regional House of Representatives

၂။ Law No. 14 of 1985 Regarding the Supreme Court

၃။ Law No. 22 of 2004 Regarding the Judicial Commission

၄။ Law No. 24 of 2003 Regarding the Constitutional Court

## ကိုးကားသည့်စာအုပ်များ

၁။ Constitutions and Constitutional Courts of the Nations,

Professor Dr. Tin Aung Aye

၂။ Constitution of the World, Robert L. Maddex, 3rd Edition, 2008

၃။ ကမ္ဘာ့နိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးများအတွဲ (၁)

## အင်တာနက်ဝက်ဘ်ဆိုဒ်များ

၁။ **http://www.asianinfo.org/asianinfo/indonesia/pro-history.htm**

၂။ https://en.wikipedia.org/

၃။ http://www.mpr.go.id/

၄။ http://www.dpr.go.id/

၅။ http://www.dpd.go.id/

၆။ http://www.mahkamahagung.go.id/

၇။ https://cacj-ajp.org/indonesia/judiciary/description-of-indonesian-court/judicial-commission/

၈။ https://www.mkri.id/